အပ္ပမာဒေါ စ ခမ္မေသု ဧတံ မင်္ဂလ မုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၅)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာဇက်စတန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာနာရ်ဆူလ်တန်၊ အေ၊ နာဇာဗာရက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ငြိမ်းချမ်းသာယာသောကမ္ဘာကြီးဖန်တီးနိုင်ရေးကြိုးပမ်းနေသည့်ကုလသမဂ္ဂအားအပြည့်အဝထောက်ခံ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါရည်ရွယ်ချက်နှင့် အခြေခံမူများကိုလိုက်နာကျင့်သုံးဆောင်ရွက်သွားမည် မြန်မာနိုင်ငံကကုလသမဂ္ဂအဖွဲ့ကြီးနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသန္နိဋ္ဌာန်ပြု

ရန်ကုန် အောက်တိုဘာ ၂၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

ကုလသမဂ္ဂအဖွဲ့ တည်ထောင်သည့် (၅၈)နှစ်မြောက်အထိမ်းအမှတ်ကို ယနေ့ ကျွန်ုပ်တို့ ကျင်းပကြပါသည်။ စစ်ဘေးအန္တရာယ် ကင်းရှင်းပပျောက်စေရန်၊ တရားမျှတပြီး အပြည်ပြည်ဆိုင်ရာဥပဒေနှင့်လည်း ကိုက်ညီသည့် ငြိမ်းချမ်းရေးအခွန့်ရှည်စေရန်နှင့် ကြီးငယ်မဟူ နိုင်ငံတိုင်း၏ တန်းတူရည်တူရှိခွင့်ကို လေးစားကြရန်အတွက် စုပေါင်းသန္နိဋ္ဌာန်ချမှတ်၍ ကုလသမဂ္ဂကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ၎င်းဘုံရည်မှန်းချက်များအား အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ ညှိနှိုင်းရာ ဗဟိုဌာနကြီးအဖြစ် ဆောင်ရွက်ရန်လည်း ရည်ရွယ်ခဲ့ပါသည်။ ကုလသမဂ္ဂသည် လူသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရန်အတွက် အဖွဲ့ကြီးစတင်တည်ထောင်သည်မှစ၍ မဆုတ်မနစ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နယ်ပယ်များစွာ၌ သိသာထင်ရှားသည့် အောင်မြင်မှုများရရှိသကဲ့သို့ အောင်မြင်မှုရရှိရန် အလှမ်းကွာဝေးနေသေးသည့် နယ်ပယ်များလည်း ရှိနေဆဲဖြစ်ပါသည်။

*စာမျက်နှာ ၂ ကော်လံ ၁* ●





## တနင်္သာရီတိုင်းကိုနိုင်ငံ၏ဆီအိုးကြီးဖြစ်လာရမည်ဟုမျှော်မှန်းချက်ထားအားပေးကူညီလျက်ရှိ သွင်းကုန်အစားထိုးသာမက ပြည်ပပို့ကုန်လုပ်ငန်းအဖြစ်ပါ မျှော်မှန်း၍ဖိုဖိစီးစီးလုပ်ကိုင် ဒေသခံပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားစေရေး ရည်မှန်းချက်မြင့်မြင့်မားမားထားကြိုးစား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့နယ်ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ဆီအုန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိသည်။**

*စာမျက်နှာ ၈ ကော်လံ ၁* ✡

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

# အာဆီယံနိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်ပန်းတိုင်များအကောင်အထည်ဖော်နိုင်မည်

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံခေါင်းဆောင်ကြီးများသည် အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလူမှုယဉ်ကျေးမှု အသိုက်အဝန်းဆိုသည့် မဏ္ဍိုင်ကြီးသုံးရပ်အပေါ် အခြေခံထားသော အာဆီယံအသိုက်အဝန်း တည်ဆောက်သွားရန် ကတိကဝတ်ပြုသည့် ASEAN Concord II (Bali Concord II)ကို တညီတညွတ်တည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် ပတ်သက်သောအပိုင်းတွင် အခြေခံအဆောက်အအုံနှင့် ဆက်သွယ်ရေးလမ်းကြောင်း ဆက်စပ်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။ အာဆီယံ ခေါင်းဆောင်များက လေကြောင်းသွားလာမှုနှင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများအပါအဝင် ဦးစားပေးကဏ္ဍ ၁၁ခုတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားရန်ကိုလည်း သဘောတူညီခဲ့ကြသည်။

အောက်တိုဘာလ ၂၃ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာ၌-

**"ယခုလို တစ်ခုတည်းသော အာဆီယံဈေးကွက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို လျှောက်လှမ်းရာတွင် အာဆီယံနိုင်ငံများအားလုံးကို ဆက်စပ်ထားသော ပို့ဆောင်ရေးကွန်ရက်များ၏ အရေးပါမှုနှင့်ပတ်သက်ပြီး အထူးပြောစရာလိုမည်မထင်ကြောင်း၊ မိမိတို့၏ တူညီသော ရည်မှန်းချက်ကို လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် မိမိတို့အနေဖြင့် လက်ရှိအစီအစဉ်များကို တက်တက်ကြွကြွ အကောင်အထည်ဖော်ရုံသာမက အစီအမံသစ်များကို ချမှတ်အကောင်အထည်ဖော်သွားရန်လည်း လိုအပ်မှာဖြစ်ကြောင်း"** ပြောကြားသွားသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလတွင် မိုင်ပေါင်း ၂၀၀၀ ကျော်ရှိသော ကားလမ်းသစ်များနှင့် ပေ ၁၈၀ကျော် တံတားအစင်းပေါင်း ၁၆၂ စင်းတို့ကို ဆောက်လုပ်နိုင်ခဲ့ပြီး ထိုတံတားများထဲ၌ ဧရာဝတီမြစ်ကူးတံတား ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားနှစ်စင်းနှင့် သံလွင်မြစ်ကူးတံတားသုံးစင်းတို့လည်း ပါဝင်သည်။ ထို့အပြင် ကုန်းလမ်းပို့ဆောင်ရေးတွင် ရထားပို့ဆောင်ရေးကဏ္ဍ၌ ရထားလမ်းသစ် မိုင် ၁၀၀၀ ကျော် ဖောက်လုပ်ပေးခဲ့သည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် လေယာဉ်ကွင်းသစ်ခုနစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီး ပိုမိုကြီးမားသော လေယာဉ်ပျံများ ဆင်းသက်နိုင်ရန်အတွက် လက်ရှိလေယာဉ်ကွင်း ၂၁ကွင်းကိုလည်း အဆင့်မြှင့်တင်ပေးခဲ့သည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး မကြာမီကာလအတွင်း ပုဂံလေဆိပ်တိုးချဲ့ရေးစီမံကိန်းပြီးစီးသည့်အခါ ရန်ကုန်၊ မန္တလေးနှင့်ပုဂံအပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုအထိ တိုးတက်လာမည်ဖြစ်သည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း သီလဝါ၊ သာကေတ၊ အလုံနှင့် အခြားစက်မှုဆိပ်ကမ်းများ၊ ခေတ်မီစက်ပစ္စည်းတပ်ဆင်ထားသော ကုန်သေတ္တာဆိပ်ကမ်းများကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့သည်။

နိုင်ငံအတွင်း အခြေခံအဆောက်အအုံများ တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည် ဒေသတစ်ခုလုံး၏ ပို့ဆောင်ရေးအချက်အချာဌာနတစ်ခု ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ပေးမည့်လမ်းကြောင်း တည်ဆောက်ရေး အစီအမံများရှိနေပြီ ဖြစ်သကဲ့သို့ မကြာမီကာလတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆက်သွယ်မည့်လမ်း တည်ဆောက်ရေးအတွက် တိုင်းထွာမှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းများ အတော်အသင့် ရှိနေပြီဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံကိုဖြတ်ပြီး တရုတ်နိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ခြောက်နာရီအတွင်း ခရီးသွားလာနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံ မော်လမြိုင်မြို့မှ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ဆက်သွယ်ထားသော အရှေ့-အနောက်လမ်းကြောင်း (East West Corridor)သည် ရည်မှန်းချက် တစ်ရပ်သာမဟုတ်ဘဲ လျင်မြန်စွာ အကောင်အထည် ပေါ်လာနေပြီဖြစ်သည်။ ထို့အပြင် စင်ကာပူ-ကူမင်းရထားလမ်းစီမံကိန်းကို မကြာမီစတင်တော့မည်ဖြစ်ရာ ထိုစီမံကိန်း၏ တစ်စိတ် တစ်ပိုင်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသည် အာဆီယံနိုင်ငံများအချင်းချင်း ကြိုးပမ်းလုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်စာနာမှုများ ပြသခြင်းဖြင့် မျှော်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရေးတွင် အောင်မြင်တိုးတက်မှုများ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၀)ရပ်ကွက် အမက(၅) ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ရက်က ကျောင်းခန်းမတွင် ကျင်းပစဉ်။ (က-ပ)

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် တန်ဆောင်တိုင် ဂေါက်ရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**● ငြိမ်းချမ်းသာယာမှ**

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များသည် ကူးပြောင်းရောက်ရှိလာသော ထောင်စုနှစ်ဦးကို ကုလသမဂ္ဂ ထောင်စုနှစ် ကြေညာစာတမ်း ချမှတ်ခြင်းဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။ ၎င်းကြေညာစာတမ်း၌ ရာစုနှစ်သစ်တွင် လူသားတစ်ရပ်လုံး အောင်မြင်တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ချမှတ်ထားသည့် ကတိကဝတ်ပြုမှုများ ပါရှိပါသည်။ ယင်းကဲ့သို့ ကတိကဝတ် ပြုခဲ့သည့် နယ်ပယ်များအနက် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ် ဖြစ်ပါသည်။ ထောင်စုနှစ်သစ်သို့ ကူးပြောင်းဝင်ရောက်လာသည်နှင့်အမျှ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနယ်ပယ်၌ စိန်ခေါ်မှုများစွာ ရင်ဆိုင်လာရပြီဖြစ်ပါသည်။ နိုင်ငံတကာနှင့် အမျိုးသားရေးကိစ္စရပ်များ၌ တရားဥပဒေ စိုးမိုးမှုရှိရေး၊ နိုင်ငံတကာအကြမ်းဖက်မှုတားဆီးရေး၊ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ လက်နက်ကိုင် ပဋိပက္ခများအတွက် အဖြေရှာရေးနှင့် လက်နက်ဖျက်သိမ်းရေးအစရှိသည့် ကိစ္စရပ်များသည် ထောင်စုနှစ် ကြေညာစာတမ်း၌ပါရှိသော လက်ရှိရာစုနှစ်အတွင်း အကောင်အထည်ဖော်ရမည့် ရည်မှန်းချက်များ ဖြစ်ပါသည်။ အခြားဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်များမှာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးတို့ ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှု သိသိသာသာ လျော့ပါးရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်မှာ အခြေခံတောင့်တင်းပြီး တာရှည်ခံသည့် စီးပွားရေး တိုးတက်မှုရှိရန် လိုအပ်ပါသည်။ ဆင်းရဲနွမ်းပါးလွန်းမှု ပပျောက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်အချို့ကို ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်၌ အလေးအနက် ဖော်ပြထားပါသည်။ ၎င်းရည်မှန်းချက်၌ ဖွံ့ဖြိုးမှုအကူအညီ တိုးမြှင့်ပေးရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များအတွက် ဈေးကွက်ဖွင့်လှစ်ပေးရေး အစရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံများ၏ ကတိကဝတ်ပြုမှုများလည်း ပါဝင်ပါသည်။

ယခုနှစ်သည် ထောင်စုနှစ်ကြေညာစာတမ်း ချမှတ်ခဲ့ပြီးနောက် တတိယမြောက်နှစ်ဖြစ်ပါသည်။ ထောင်စုနှစ် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာမှာ လက်ရှိအချိန်တွင် အချို့နယ်ပယ်များ၌ အောင်မြင်မှု အထိုက် အလျောက်ရရှိနေပြီ ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

ထောင်စုနှစ်ရည်မှန်းချက်ပါ ကတိကဝတ်ပြုမှုများအား အကောင်အထည် ဖော်ဆောင်ရာ၌ နိုင်ငံအသီးသီးအနေဖြင့်လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း၊ နိုင်ငံတကာအနေဖြင့်လည်းကောင်း အဆင့်ဆင့်၌ ပြည့်ပြည့်စုံစုံ၊ စုစုစည်းစည်းနှင့်ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်သွားကြရန် အရေးကြီးသည်ဟု ကမ္ဘာ့အဖွဲ့အစည်းဝင် တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ယုံကြည်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ (၅၈)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လိုက်နာအကောင်အထည်ဖော်ရန် အခြားအဖွဲ့ဝင် နိုင်ငံများနှင့်အတူ ထပ်လောင်းကတိပြုပါသည်။ ထို့အပြင် ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးတစ်ရပ်ကို ဖန်တီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ကုလသမဂ္ဂအဖွဲ့ကြီးအား အပြည့်အဝထောက်ခံပါကြောင်းနှင့် အဖွဲ့ကြီးနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း သန္နိဋ္ဌာန်ပြုပါသည်။



## အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

လက်တွေ့သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် B.A(Eng.)ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် Interviewတစ်ပတ်၊ ခရီးသွားတစ်လ၊ အခြေခံအဆင့်မြင့် တစ်လ၊ Seamen Course၊ Tourism၊ Hotel၊ Company၊ Grammer၊ Phonetic အင်္ဂလိပ်စကားပြောသင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်ရာ လှည်းတန်းမီးပွိုင့်အနီးရှိ စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း-၅၁၁၂၃၁ သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ သံအမတ်ကြီး H.E.Mr.Paul Grigson က အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်း၌ မြို့တော်ဝန် ရုံးခန်းသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။**

**(၂၁၀)**

## မြတ်ဗုဒ္ဓ၏ဆံတော်၊ ဓာတ်တော်၊ စွယ်တော်များ ဒေသစာရီကြွအပူဇော်ခံမည်

**မြန်အောင် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်း မြန်အောင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မြတ်ဗုဒ္ဓ၏ ဆံတော်၊ ဓာတ်တော်၊ စွယ်တော်များသည် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်)အောက်တိုဘာ ၇ ရက်တွင် မြို့တွင်းသို့ ဒေသစာရီကြွ၍ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

### ✳ အာဆီယံမှ

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ စစ်ဥပဒေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်လာကြ

ရှေးဦးစွာ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက် မှ ၈ ရက်အထိ ကျင်းပခဲ့သော နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား ထိပ်သီးအစည်းအဝေး၊ အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး သဘောတူစာချုပ်များ၌လည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ယင်းသဘောတူစာချုပ်များအနက် အာဆီယံထိပ်သီးညီလာခံ၏ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သော Bali Concord II ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ဒုတိယဘာလီကွန်ကော့သည် အာဆီယံအဖွဲ့ကြီး၏ ရေရှည်မျှော်မှန်းချက်များကို ရေးဆွဲသတ်မှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့အပြင် အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံနှင့် မဟာဗျူဟာကျသည့် ဆက်ဆံရေးကို အခြေခံပြီး ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို တည်ထောင်ရန် ပူးတွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ကြကြောင်း၊ အိန္ဒိယနိုင်ငံနှင့်လည်း နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး ကြေညာစာတမ်းကို အတည်ပြုခဲ့ကြောင်း၊ ယင်းအစည်းအဝေးမှာပင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး Treaty of Amity and Cooperation စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြ၍ နိုင်ငံရေးအားဖြင့် အာဆီယံ၏ အောင်မြင်မှုဟုဆိုနိုင်ကြောင်း၊ ယင်းစာချုပ်သည် နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် လိုက်နာကျင့်သုံးရမည့် အခြေခံမှုများပါဝင်ပြီး ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုမှာဖြစ်ကြောင်း၊ အလားတူအာဆီယံနှင့် အဓိကမိတ်ဖက်နိုင်ငံများဖြစ်သော ဂျပန်၊ အိန္ဒိယတို့နှင့် စီးပွားရေးဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့် ယမန်နှစ်က ကမ္ဘောဒီးယားထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ၎င်းစီးပွားရေးဆိုင်ရာ သဘောတူညီချက်များသည် (၁၀)နှစ်အတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ Free Trade Area များထူထောင်ရန် ရည်မှန်းထားကြောင်း၊ တောင်ကိုရီးယားနိုင်ငံကလည်း အလားတူ စီးပွားရေးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးရန် ကမ်းလှမ်းလာကြောင်း၊ မိတ်ဖက်နိုင်ငံလေးနိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်လာကြသည်ကိုတွေ့ရကြောင်း။

### ရေရှည်အကျိုးရှိစေမည်

ယခု ထိပ်သီးအစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီးသည့်နောက်ပိုင်း၌ အဖွဲ့ဝင် နိုင်ငံများက ဆက်လက် အကောင်အထည်ဖော်ရမည့် implementation follow up တာဝန်ရှိလာပြီး ဆက်လက်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အခန်းကဏ္ဍကလည်း အရေးကြီးလာကြောင်း၊ ယင်းသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ကြိုတင် ပြင်ဆင်ထားရမည့်အပိုင်း၊ လုပ်ဆောင်ရမည့်အပိုင်းများကို ပီပီပြင်ပြင်သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ Bali Concord II တွင် အာဆီယံ အသိုက်အဝန်းကို လုံခြုံမှုအပြည့်အဝရှိသော၊ စီးပွားရေးခိုင်မာသော၊ လူမှု ရေးနှင့်ယဉ်ကျေးမှုပြည့်စုံသော အသိုက်အဝန်းအဖြစ် မဏ္ဍိုင်သုံးရပ်အပေါ် အခြေပြု တည်ဆောက်သွားရန် အဓိက ပါရှိသည့်အတွက် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းရှိ နိုင်ငံအားလုံးအတွက် ရေရှည်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော အာဆီယံလုံခြုံရေး အသိုက်အဝန်း (ASEAN Security Community) သည် အာဆီယံအတွင်း ပိုမို ပူးပေါင်းဆက်ဆံခြင်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရန် ပြည်ပစွက်ဖက်မှုကင်းရှင်း၍ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံမှ လေးစားကာ ဒေသတွင်း နိုင်ငံများ အချင်းချင်းပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဖြင့် ပိုမိုလုံခြုံမှုရှိပြီး ငြိမ်းချမ်းတည်ငြိမ်သော အာဆီယံ ဒေသအဖြစ် ထူထောင်သွားနိုင်မှာဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း ASEAN Economic Community ကို အာဆီယံ ရည်မှန်းချက် သက္ကရာဇ် ၂၀၂၀၏ ပန်းတိုင်အဖြစ် ထူထောင်သွားမည်ဖြစ်ရာ ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို လွတ်လပ်စွာစီးဆင်းနေစေပြီး အာဆီယံဒေသသည် တစ်ခုတည်းသော ဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုဒေသအဖြစ် ပေါ်ထွက်လာစေပြီး မျှတသော စီးပွားရေးဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာ၍ ဆင်းရဲမွဲတေမှုနှင့် လူမှုစီးပွားရေး ကွာဟမှုများကိုလည်း လျှော့ချနိုင်မှာဖြစ်ကြောင်း၊ တတိယမဏ္ဍိုင်ဖြစ်သော အာဆီယံလူမှုရေးနှင့်ယဉ် ကျေးမှု အသိုက်အဝန်း(ASEAN Socio-Cultural Community) သည် အာဆီယံရည်မှန်းချက်သက္ကရာဇ် ၂၀၂၀ နှင့် လိုက်လျောညီထွေဖြစ်ပေါ်စေရေးအတွက် လူတန်းစားအသီးသီး၏ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ ပညာအရည်အသွေးမြှင့်တင်မှု၊ကူးစက်ရောဂါများကင်းရှင်းမှု၊ ပညာ ရှင်များ၊ အနုပညာရှင်များ ပိုမိုထိတွေ့ ဆက်ဆံနားလည်မှုနှင့် ယဉ်ကျေးမှုထိန်းသိမ်းလဲလှယ်မှုတို့ဖြင့် သာယာချမ်းမြေ့သော လူမှုပတ်ဝန်းကျင် ထူထောင်သွားနိုင်မှာဖြစ်ကြောင်း။

အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သော အာဆီယံ-တရုတ်ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆိုင်ရာ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရေး ပူးတွဲကြေညာစာတမ်းတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ဒေသဆိုင်ရာ နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များမှာ ပူးပေါင်းဆောင်ရွက်ရန် အချက်များပါရှိကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးများ၊ ၂၁ ရာစု အတွင်း တိုးမြှင့်ဆောင်ရွက်၍ ဒေသရေရှည်ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန်ဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ-အိန္ဒိယ ပူးတွဲကြေညာစာတမ်းကို အတည်ပြုခဲ့ကြကြောင်း၊ ကြေညာစာတမ်း၏ အဓိက ရည်ရွယ်ချက်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများမှာ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရာတွင် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတွင် ပါဝင်နိုင်မှုကို ပြသခွင့်ရ၍ အကျိုးရှိစေမှာ ဖြစ်ကြောင်း၊ အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် အာဆီယံ- ဂျပန် စီးပွားရေးဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး ဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယမန်နှစ်က ဖနောင်ပင်မြို့မှာ ဘက်စုံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရန် ပူးတွဲကြေညာစာတမ်း (Joint Declaration on Comprehensive Economic Partnership-CEP) ကို လက်မှတ် ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်ရာ နှစ်ဖက် ပူးပေါင်း ဆောင်ရွက်ရမည့် နယ်ပယ်များ၊ အချိန်ကာလများနှင့် အခြေခံလမ်းညွှန် စည်းမျဉ်းများ ပါဝင်သော Framework ယခု အစည်းအဝေးတွင် ထပ်မံ လက်မှတ် ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံ-အိန္ဒိယ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်မှာ ဘောင်သဘောတူစာချုပ်ဖြစ်၍ ဆောင်ရွက်ရန်လုပ်ငန်းများနှင့် အချိန် သတ်မှတ်ချက်များ ပါဝင်ကြောင်း၊ အဓိက ပူးပေါင်းဆောင်ရွက်ရမည့် နယ်ပယ်များတွင် ကုန်စည်ကုန်သွယ်ရေး (Trade in Goods)၊ ဝန်ဆောင်မှုကုန်သွယ်ရေး(Trade in Services၊ ရင်းနှီးမြှုပ်နှံမှု(Investment)၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနယ်ပယ်များ (Areas of Economic Cooperation)၊ အကြိုအကျိုးခံစားခွင့်အစီအစဉ် (Early Harvest Programme)များ ဖြစ်ကြကြောင်း၊ အာဆီယံနှင့် တရုတ် စီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သည့် အာဆီယံ-တရုတ်ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်ကို ပြင်ဆင်သည့် အခြေပြစာချုပ် (Protocol) တွင် ယမန်နှစ်က အာဆီယံနှင့် တရုတ် ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သော ဘောင်သဘောတူစာချုပ်ကို ပြင်ဆင်ရန် ထပ်မံ ရေးထိုးခြင်းဖြစ်ကြောင်း၊ ယင်း ဘောင်သဘောတူစာချုပ်အရ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသကို (၁၀)နှစ်အတွင်း အကောင်အထည်ဖော်သွားမှာဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်

ခြုံငုံပြီး ပြောရမည်ဆိုလျှင် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသည် အာဆီယံအတွက် အရေးကြီးသောညီလာခံဖြစ်ခဲ့ကြောင်း၊ အာဆီယံ၏ သွေးစည်းညီညွတ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ကမ္ဘာကစောင့်ကြည့်နေချိန်တွင် Bali Concord II ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုခိုင်မာတိုးတက်သော အာဆီယံဒေသ ထူထောင်ရေး သန္နိဋ္ဌာန်ကို အတိအလင်းဖော်ပြနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်များအနေဖြင့် အားလုံး၏ အကျိုးအတွက် လက်တွေ့ အကောင်အထည်ဖော်ရန် အလေးထား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အခြားသဘောတူစာချုပ်ကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးများအတွက် အာဆီယံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံများ ရေရှည်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်၍ ကြီးမားသောနိုင်ငံရေး၊ စီးပွားရေးအင်အားစုကြီးအဖြစ် ပေါ်ထွန်းလာပြီး ဒေသတွင်းသာမက နိုင်ငံတကာမှာလည်း ခိုင်မာတောင့်တင်းစွာ ရပ်တည်သွားနိုင်မည့် အလားအလာများရှိကြောင်း၊ အာဆီယံအဖွဲ့ကြီးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ ပေါင်းစည်းမိခြင်းအားဖြင့် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ခန့်ပါဝင်သည့် ကျယ်ဝန်းသောစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဒေသကြီး ဖြစ်ထွန်းလာခြင်းဖြစ်ရာ အာဆီယံအဖွဲ့ကြီး၏အင်အား ပိုမိုခိုင်မာ တောင့်တင်းလာခြင်းပင် ဖြစ်ကြောင်း။

သို့ဖြစ်၍ ပြီးခဲ့သည့်နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကြီး၏ သဘောတူညီချက်များသည် အာဆီယံအဖွဲ့ကြီး၏ အောင်မြင်ဖြစ်ထွန်းမှု ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုတိုးမြှင့်ပေးနိုင်ခဲ့သည်ဖြစ်ရာ ယင်းနဝမအကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံ၏ သဘောတူညီချက်များ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးအတွက် ဝန်ကြီးဌာနအသီးသီးက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ဖွယ်ရာများကို မြန်မြန်ဆန်ဆန်ဖြင့် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က (၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်၍ ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့သည့် Bali-Concord II သဘောတူညီချက် အာဆီယံ-ဂျပန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-ကိုရီးယား တို့၏ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု ကဏ္ဍတို့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့မှုများအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက Protocol to Amend Frame work Agreement on Comprehensive Economic Co-Operation Between the ASEAN and the People's Republic of China နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးတို့က အာဆီယံဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်း၍ မိမိတို့ ဝန်ကြီးဌာနအလိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၂၄ ရက်က လှိုင်သာယာမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၃) ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းနေ့ အကြိုလှုပ်ရှားမှုတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၁၀-၂၀၀၃ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသံ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar Made Easy

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ“အ ချစ်သံသရာ”(အပိုင်း-၉)
- ၁၃:၂၀ ၇။ အောင်မြင်မှုဖြင့် အနိုင်ဆင်နွှဲ အာရှ လူငယ်တံခွန်စိုက် ဂူရှူးပြိုင်ပွဲ
- ၁၃:၃၅ ၈။ **“သစ်ကောင်းတစ်ပင်”** (နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန်) (ဒါရိုက်တာ-မိုးထက်လူ) (သစ်တော)
- ၁၃:၅၅ ၉။ ကျေးလက်အမျိုးသမီးများ တစ်ပိုင်တစ်နိုင်ရေကျိုငါးပိ ထုတ်လုပ်ရေးလုပ်ငန်း
- ၁၄:၁၀ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၃၀ ၁၁။ ပိုင်ကျုံရေထိန်းတံခါး
- ၁၄:၄၅ ၁၂။ International New

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၂၅ ၇။ အကပဒေသာ
- ၁၇:၄၀ ၈။ မြန်မာစာမြန်မာစကား
- ၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၀ ၁၀။ ဂမုန်းရေလှောင်တမံ
- ၁၈:၂၀ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Discovery
- ၁၉:၂၀ ၁၅။ ဝင့်ကြွားပေါ်လွင်ရှမ်းတစ်ခွင် ကြိုဆိုခေါ်ဖိတ်ဟဲ့ဟိုးလေဆိပ်
- ၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၃ ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
- ၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း **“မမေ့နဲ့နော်”(အပိုင်း-၂)** (ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကျော်ဇောလင်း)



မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်

# ဒဗလျူတီအိုကို ချမ်းသာသည့်နိုင်ငံများ ကြီးစိုးနေ

# ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးရော နိုင်ငံရေးပါ မလွတ်လပ်

# မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက် သုံးသပ်ပြောကြား

ဂျကာတာ အောက်တိုဘာ ၂၃

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သည် ချမ်းသာသည့်နိုင်ငံများ၏ ဩဇာလွှမ်းမိုးကြီးစိုးမှုကို ခံနေရကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။**

အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)အဖွဲ့ဝင် နိုင်ငံအများ အပြားသည်ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများဖြစ်ကြကြောင်း၊သို့ရာတွင် ဒဗလျူတီအိုသည် အာဆီယံနှင့် မတူညီကြောင်း၊ ထိုအချက်အပေါ် စိုးရိမ်စရာအကြောင်း ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အများသဘောတူ ချမှတ်ထားသည့် အခြေခံမှုများက ဦးဆောင်မှုပေးထားကြောင်းဖြင့်လည်း ပြောကြားသွားသည်။

မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်၏ ပြောကြားချက်ကို အင်ဒိုနီးရှားအစိုးရပိုင် အင်တာနက်သတင်းဌာနက ဖော်ပြထားခြင်းဖြစ်သည်။

ဒဗလျူတီအိုအဖွဲ့ကြီးသည် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့နည်းတူ ချမ်းသာသည့်နိုင်ငံများကို ပိုချမ်းသာလာစေပြီး ဆင်းရဲနွမ်းပါးသည့်နိုင်ငံများကို ပိုဆင်းရဲအောင်ပြုလုပ်သည့် လက်သုံးတော်ကိရိယာအဖြစ်သို့ ပြောင်းလဲခြင်းခံနေရပြီဖြစ်ကြောင်းဖြင့်လည်း မဟာသီမိုဟာမက်က ဆက်လက်ဝေဖန်ပြောကြားသည်။

ဒဗလျူတီအိုအဖွဲ့သည် ချမ်းသာသည့် နိုင်ငံများ၏ ဩဇာကို အမှန်တကယ်ပင် ခံနေရပြီဖြစ်ကြောင်း၊ ဒဗလျူတီအိုတွင် ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ချမ်းသာသည့်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ရပ်အပေါ် စိုးရိမ်ပူပင်မှုများကို တစ်လုံးတစ်ပါဒမျှ မပြောနိုင်ကြကြောင်းဖြင့်လည်း ထောက်ပြသွားသည်။

မိမိတို့ တွေ့ကြုံခံစားခဲ့ရပြီးဖြစ်သော အာရှငွေကြေးအကျပ်အတည်းသည် မိမိတို့ ဖျောက်ဖျက်၍ မရသေးဘဲ စိတ်ထဲတွင် စွဲကျန်ရစ်နေဆဲဖြစ်ကြောင်း၊ မိမိတို့သည် အမှန်စင်စစ်အားဖြင့် စီးပွားရေးအရရော နိုင်ငံရေးအရပါ လွတ်လပ်မှု မရှိကြကြောင်းဖြင့်လည်း မလေးရှားဝန်ကြီးချုပ်က သုံးသပ်ပြောကြားသွားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ်တွင် ယခုသီတင်းသုံးပတ်အတွင်း အမေရိကန်တပ်ဖွဲ့များ အတိုက်ခံရသည့် အကြိမ်အရေအတွက် မြင့်တက်နေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

**ပြီးခဲ့သော သီတင်းပတ်များအတွင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်ခံရသည့် အကြိမ်အရေအတွက်မှာ မြင့်တက်လာလျက်ရှိသည်ဟု အမေရိကန်တပ်များ၏စစ်ဦးစီးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ ချုံခိုဗုံးဖောက်ခွဲ တိုက်ခိုက်မှုများမှာ ဆွန်နီမွတ်စလင်များနေထိုင်ရာ ဘဂ္ဂဒက်မြို့အနောက်ပိုင်းဒေသ ဘဂ္ဂဒက်မြို့အလယ်ပိုင်းနှင့် အီရတ်မြောက်ပိုင်းမြို့တော် မိုဆိုးလ်ဒေသများတွင် ပိုမိုများပြားလာလျက်ရှိသည်ဟု ဆိုသည်။**

ယခုအချိန်အထိ အမေရိကန်တပ်များက ဖမ်းမိထားသူများထံမှ သိရသလောက်ဆိုလျှင် အယ်ခိုင်ဒါအဖွဲ့နှင့် ပါဝင်ပတ်သက်သည် ဆိုသော အထောက်အထား အတည်ပြုချက်များ မတွေ့ရသေးပေ။

### ပြောကြား

သို့ရာတွင် ထိုတိုက်ခိုက်မှုများသည် အယ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသည်ဟု အမေရိကန်ဒုတိယ ဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်က ပြောကြားနေသည်။

### ဖမ်းဆီး

အီရတ်နိုင်ငံ နေရာအနှံ့အပြားတွင် အမေရိကန် အမှတ်(၄)ကြည်းတပ်မသည် မသင်္ကာသူ တစ်ဒါဇင်ကျော်ကို ဖမ်းဆီးခဲ့သည်။ထိုအထဲတွင် အီရတ်ဗိုလ်ချုပ်ဟောင်း တစ်ဦးလည်း ပါဝင်သည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ လိုဏ်ခေါင်းတစ်ခုအတွင်း အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဖြတ်သန်းသွားစဉ် ဗုံးခွဲအတိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အနည်းငယ်စီ ဒဏ်ရာရရှိသွားကြကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

### တိုက်ခိုက်ခံရ

ဖော်လူဂျာမြို့၌ ယာဉ်သုံးစီးပါဝင်သော အမေရိကန်တပ်ဖွဲ့ ဗုံးခွဲတိုက်ခိုက်ခံရသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးကို ထမ်းစင်ဖြင့် သယ်သွားကြသည်ကို မြင်တွေ့ခဲ့ရသည်ဟု မျက်မြင်သက်သေများက ပြောကြားကြသည်။ ဘဂ္ဂဒက်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာများက ထိုသတင်းအကြောင်း မသိရသေးဟု ဆိုသည်။ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော စစ်ယာဉ်ပေါ်မှပစ္စည်းများကို ဒေသခံများကဖြုတ်ယူကြပြီးနောက် ပျော်ပါးစွာ ဟစ်ကြွေးကြပြီး ထိုယာဉ်ကို မီးတင်ရှို့လိုက်ကြသည်ဟု သတင်းများက ဖော်ပြသည်။**(အင်တာနက်)**

## စစ်ပွဲပြန်အမေရိကန်တပ်ဖွဲ့ဝင်များ ကျန်းမာရေးလျစ်လျူရှုခံရ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အီရတ်စစ်ပွဲမှ ပြန်လာသော အမေရိကန်အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အရန်တပ်များမှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ကျန်းမာရေးအခြေအနေကို သက်ဆိုင်ရာက လျစ်လျူရှုထားကြကြောင်း စွပ်စွဲပြောကြားလျက်ရှိသည်။

၎င်းတို့ခံစားနေရသော ဒဏ်ရာများနှင့် စိတ်ဝေဒနာများအား ကုသမှုခံယူရေး ကျွမ်းကျင်သူဆရာဝန်များနှင့် ပြသခွင့်ရရှိရန် အချိန်ကြာမြင့်ကြောင်း ပြောကြားနေကြသည်။**(စီအင်န်အင်န်)**

# လန်ဒန်မြို့၌ လူစည်ကားချိန်တွင် ဗုံးပေါက်ကွဲ မသင်္ကာသည့် ကားတစ်စီးကို ရဲများကဖောက်ခွဲပစ်ခဲ့ရ

လန်ဒန် အောက်တိုဘာ ၂၃

**လန်ဒန်မြို့ရှိ စစ်တန်းလျားများ အနီး စွန့်ပစ်ထားသည်ဟု မသင်္ကာရသော ကားတစ်စီးကို အင်္ဂါနေ့က ရဲများက အဝေးထိန်းစနစ်ဖြင့် ဗုံးတစ်လုံးဖောက်ခွဲခဲ့ရကြောင်း၊ ယင်းနောက် ဗုံးကွဲသည့် နေရာသည် လန်ဒန်မြို့အနောက်ပိုင်းရှိ ဘီဘီစီရုပ်မြင် သံကြားဌာနနှင့် သိပ်မဝေးကြောင်း သတင်းရရှိသည်။**

လန်ဒန်မြို့ တောင်အာဖရိကလမ်းတွင် အဆိုပါဗုံးကိုတွေ့ရှိရချိန်၌ ဘောလုံးဝါသနာအိုးများ၊ အနီးအနားရှိ လော့ဖ်တပ်စ်လမ်း အားကစားကွင်း၌ ဖူဟမ်နှင့် နယူးကာဆယ် ယူနိုက်တက် ဘောလုံးအသင်းတို့ ပရီမီယာလိဂ်အတွက် ယှဉ်ပြိုင်ကစားသည်ကိုကြည့်ရှုရန် သွားရောက်နေကြချိန်ဖြစ်၍ လူအလွန်စည်ကားနေချိန်ဖြစ်ကြောင်း သိရသည်။

ဘီဘီစီ အဆောက်အအုံကို ထိုစဉ်က ပိတ်ထားလိုက်ရကြောင်း၊ လန်ဒန်မြေအောက်ရထားဘူတာရုံကိုစီးတီးကိုလည်း ပိတ်ထားရကြောင်း သိရသည်။

ဘောလုံးပွဲကို နာရီဝက်ကြာမှ စတင်နိုင်ကြောင်း၊ ဗုံးပေါက်ကွဲမှုဖြစ်သည့် ဂရင်းနစ်စံတော်ချိန် ၁၉၀၀ နာရီ မတိုင်မီလေးတွင် ထိုနေရာရှိလမ်းများတိတ်ဆိတ်ငြိမ်သက် ရှင်းလင်းနေကြောင်းလည်း သိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ၂၀၀၄ ခုနှစ် အာလန်ဒီအီးမေ အောက်မေ့ဖွယ် ဂုဏ်ပြုဆု အိန္ဒိယအာကာသ သုတေသနအဖွဲ့ ဥက္ကဋ္ဌဟောင်းအား ချီးမြှင့်

ဘင်္ဂလို အောက်တိုဘာ ၂၃

**အိန္ဒိယအာကာသလေ့လာရေး သုတေသနအဖွဲ့ဥက္ကဋ္ဌဟောင်း ဒေါက်တာ ကေကက်စတူရီရန်ဂန်အား နိုင်ငံတကာနက္ခတ္တဗေဒအဖွဲ့ချုပ်က ၂၀၀၄ ခုနှစ် အာလန်ဒီအီးမေ အောက်မေ့ဖွယ်ဆုကို ချီးမြှင့်ဂုဏ်ပြုလိုက်ကြောင်း သိရသည်။**

ယင်းကဲ့သို့ဂုဏ်ပြုချီးမြှင့်လိုက်ကြောင်းကို ဂျာမနီနိုင်ငံ ဘရီမင်မြို့တွင် မကြာသေးမီက ကျင်းပသည့် (၅၄) ကြိမ်မြောက်နိုင်ငံတကာနက္ခတ္တဗေဒအဖွဲ့ချုပ်ညီလာခံ(အိုင်အေစီ)တွင် ကြေညာလိုက်ခြင်းဖြစ်သည်။ အာကာသသိပ္ပံပညာကိုလည်းကောင်း၊ အာကာသနည်းပညာကိုလည်းကောင်း၊ အာကာသအသုံးချမှုကို လည်းကောင်း ထူးထူးချွန်ချွန် အထောက်အကူပြုပံ့ပိုးခဲ့ခြင်းကြောင့်တစ်ကြောင်း၊အာကာသရေးရာတွင် နိုင်ငံတကာ ဆက်လက်ပူးပေါင်း ဆောင်ရွက်မှု ရရှိအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ကြောင်း ကက်စတူရီရန်ဂန်အား အသိအမှတ်ပြုသည့်အနေ ဖြင့် ယင်းဆုကို ချီးမြှင့်လိုက်ခြင်းဖြစ်သည်ဟု သိရသည်။

ကက်စတူရီရန်ဂန်အား ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့၌ လာမည့်နှစ်တွင် ကျင်းပမည့် (၅၅)ကြိမ်မြောက်(အိုင်အေစီ) ညီလာခံတွင် ထိုဆုကို ချီးမြှင့်သွားမည်ဖြစ်သည်။

ကက်စတူရီရန်ဂန်အား နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များအဖွဲ့ (အေအေ)ဒုတိယဥက္ကဋ္ဌအဖြစ် ဘရီမင် မြို့တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း၊ သူသည် လာမည့်နှစ်များတွင် နိုင်ငံတကာ ပညာရှင်များ၊သိပ္ပံပညာရပ်ဆိုင်ရာ လှုပ်ရှားမှုများကို ဦးစီးဦးဆောင်ပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

## အီရတ်ပြည်များသေဆုံးရမှု အမေရိကန်တို့ စုံစမ်းစစ်ဆေးမှုမပြု

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အရပ်သားများသေဆုံးမှုနှင့်ပတ်သက်ပြီး အမေရိကန်စစ်ဘက်က မှန်ကန်သည့် စုံစမ်းစစ်ဆေးမှုဆောင်ရွက်ခြင်း မရှိကြောင်း ယမန်နေ့က ထုတ်ပြန်သော လူသားချင်း စာနာထောက်ထား မှုဆိုင်ရာအဖွဲ့၏ လေ့လာဆန်းစစ်ချက်၌ ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၁၈ ရက်မှ ၃၀ ရက်အတွင်းနှင့် နောက်ဆက်တွဲအဖြစ် ယခုလအတွင်း ၅ ရက်နေ့မှ ၉ ရက်အတွင်းတွင် မျက်မြင်သက်သေများ၊ မိသားစုဝင်များ၊ စာနာထောက်ထားမှုဆိုင်ရာအဖွဲ့များ၊ အနောက်တိုင်း သတင်းဌာနများနှင့် အမေရိကန်စစ်ဘက်မှ အချက်အလက်များအရ အဆိုပါအဖွဲ့က အခုလိုသုံးသပ်ခဲ့ခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**



**အောက်တိုဘာ ၂၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန်စစ်ယာဉ်တစ်စီးပျက်စီးသွားသဖြင့် အီရတ်ပြည်သူများ ဝမ်းသာအားရကြည့်ရှုနေကြစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ရှံမုန်းစရာကောင်းလှသော ကျူးကျော်သူများကို ခုခံရေးစစ်ပွဲဆင်နွှဲကြရန် ဆက်ဒမ်ဟူစိန် တိုက်တွန်း

**အောက်တိုဘာ ၁၉ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်နက်ခဲယမ်းယာဉ် ဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် အောင်ပွဲခံနေသော အီရတ်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




...ـمة الله

صدام حسين
رئيس جمهورية العراق
١٣ / شعبان / ١٤٢٣
الموافق ٩/ تشرين الاول/ ٢٠٠٣

**ရှံမုန်းစရာကောင်းလှသော ကျူးကျော်သူများကို ခုခံရေးစစ်ပွဲဆင်နွှဲကြရန် တိုက်တွန်းရေးသားထားသည့် ဆက်ဒမ်ဟူစိန်ထံမှဟု ယူဆရသော လက်ရေးစာမူကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်လာ အမေရိကန်တို့က ထိုးစစ်ဆင်ပြီး မသင်္ကာသူများကိုဖမ်းဆီး

**ဖော်လူဂျာ(အီရတ်) အောက်တိုဘာ ၂၂**

လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုအရှိန်မြင့်လာကြောင်း အမေရိကန်တပ်များ ဦးစီးချုပ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ဖော်လူဂျာမြို့၊ အီရတ်နိုင်ငံမြောက်ပိုင်း မိုဆိုးလ်မြို့နှင့် အီရတ်မြို့တော် ဘဂ္ဂဒက်၏ မြို့လယ်တို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများအနက် အချို့မှာ အယ်ခိုင်ဒါနှင့် ဆက်စပ်သည့် ပြည်သူများကြောင့် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

အမှတ်(၄) အမေရိကန်ခြေလျင်တပ်ရင်း တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့ မြောက်ဘက်တွင် ဗုဒ္ဓဟူးနေ့ အရုဏ်မတက်မီက ထိုးစစ်ဆင်တိုက်ခိုက်ပြီး မသင်္ကာသူ လူတစ်ဒါဇင်ကျော်ကို ဖမ်းဆီးခဲ့သည်။

အောက်တိုဘာ ၂၂ ရက် ဗုဒ္ဓဟူးနေ့ရရှိသော စာရင်းများအရ အီရတ်စစ်ပွဲ စတင်ဆင်နွှဲချိန်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၁ ဦး သေဆုံးခဲ့ပြီ ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၀ သေဆုံးပြီး ဒိန်းမတ်တပ်ဖွဲ့ဝင် တစ်ဦးနှင့် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိသျှတပ်ဖွဲ့က ကြေညာသည်။

**(အင်တာနက်)**

## ဖော်လူဂျာမြို့ဗုံးပေါက်ကွဲ အမေရိကန်စစ်ကားပျက်စီး

**ဖော်လူဂျာ(အီရတ်)**
**အောက်တိုဘာ ၂၃**

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ဗုဒ္ဓဟူးနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားရာ အမေရိကန်စစ်ကားတစ်စီး ပျက်စီးသွားပြီး အမေရိကန်တို့ ထိခိုက်ဆုံးရှုံးနစ်နာမှုများ ဖြစ်သွားကြောင်း သိရသည်။

လောလောဆယ် သေကျေဆုံးရှုံးမှု သတင်းမရသေးဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**



**ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင် ၃၀ အကွာရှိ ဖော်လူဂျာမြို့၌ အမေရိကန်လက်နက်နှင့် ခဲယမ်းမီးကျောက် သယ်ဆောင်လာသည့်ယာဉ် တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်တပ်များ အီရတ်အမျိုးသမီးများကို ဖမ်းဆီးနေ

**အောက်တိုဘာ ၂၃ ရက်က ဖော်လူဂျာမြို့အနီး ခါဒီရပ်မြို့၌ ကင်းလှည့်လာသော အမေရိကန်စစ်ယာဉ်ကို အီရတ်တို့က အမျိုးသမီးများ ပြန်လွှတ်ပေးရေး ဆန္ဒပြတောင်းဆိုနေစဉ်။ (အမျိုးသမီးများက ပြောဆိုရာတွင် အမေရိကန်များသည် နံနက် ၃ နာရီတွင် ၎င်းတို့၏ အိမ်တံခါးပေါက်များကို ခြေဖြင့်ကန်ဖွင့်ပြီး ခင်ပွန်းသည်များကို ရှာဖွေရာ မတွေ့သဖြင့် ၎င်းတို့အား ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ပြောဆိုသည်။)**

(ဓာတ်ပုံ-အင်တာနက်)



**ပေါက်ကွဲစေသော ပစ္စည်းများ ရှာဖွေရာတွင် အနံ့ခံခွေးဖြင့် ရှာဖွေမှုကြောင့် လက်မခံဘဲ ငြင်းဆိုသည့် အီရတ် အမျိုးသမီးတစ်ဦးအား အမေရိကန်တို့ ဖမ်းဆီးပြီးနောက် ထောင်ပေါင်းများစွာသော အီရတ်တို့က မကျေမနပ်ဖြစ်လျက်ရှိသည်။ ပုံမှာ အီရတ်တစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ရေနံဝန်ကြီးရုံးရှေ့၌ ရှာဖွေမှုများ ပြုလုပ်နေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# လူသားအပေါင်းတို့၏လိုအပ်ချက်ကို အလိုအပ်ဆုံးနေရာများတွင် ဆက်လက်ဖြည့်ဆည်းပေးရန်တာဝန်ရှိ အများနှင့်ဆိုင်သောပြဿနာများကို အများနှင့်ဆိုင်သောအဖြေရှာကာ ကမ္ဘာသူကမ္ဘာသားတို့ကိုကူညီရမည်

**(၅၈)နှစ်မြောက် ကုလသမဂ္ဂအထိမ်းအမှတ်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့၌ အောက်တိုဘာ ၂၄ ရက်ကကျင်းပသော (၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့အခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်၏ သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ်ပေရီက ဖတ်ကြားစဉ်။ (သတင်းစဉ်)**

**ကမ္ဘာတစ်ဝန်းရှိ မိတ်ဆွေအပေါင်းတို့ ခင်ဗျာ–**

ယခုအချိန်အခါသည် ကမ္ဘာသူကမ္ဘာသားအားလုံးနှင့်တကွ ကုလသမဂ္ဂ အဖွဲ့အစည်းကြီးအတွက်ပါ ခက်ခဲသည့် အချိန်ကာလပင်ဖြစ်ပေသည်။

အီရတ်နိုင်ငံနှင့် အခြားဒေသများ၌ ရမ်းကားမှုနှင့် အကြမ်းဖက်မှုတို့ကြောင့် အပြစ်မဲ့လူသားများ အသက်ဆုံးရှုံးရခြင်းနှင့် သောကဝေဒနာ ကြုံတွေ့နေရခြင်းများရှိနေပေသည်။ ဩဂုတ်လတွင် ကုလသမဂ္ဂအဖွဲ့အစည်းကြီး ကိုယ်တိုင် မိမိ၏ဘဂ္ဂဒက်ရုံးချုပ်အား ရက်စက်စွာ ဝင်ရောက်ဖြိုခွင်းခံခဲ့ရသည်။ ကျွန်ုပ်တို့၏ အခင်မင်ဆုံး မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များ ဆုံးရှုံးခဲ့ရသည်။ အသင် ကမ္ဘာသူကမ္ဘာသားတို့သည်လည်း အလုပ်တာဝန်တွင် ဘဝကိုမြှုပ်နှံထားခဲ့သော အကောင်းဆုံး၊ အတော်ဆုံးဝန်ထမ်းများ ဆုံးရှုံးခဲ့ကြရသည်။

သို့ရာတွင် ဤကုလသမဂ္ဂနေ့အခါသမယ၌ ကျွန်ုပ်တို့မှာ ဝမ်းနည်းကြေကွဲကြမည့်အစား အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြရသော ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များ၏ ဆောင်ရွက်ချက်များကို ပြန်လည်သတိရကြပါစို့။ သူတို့သည် အခြားသော စစ်ဘေးသင့်နိုင်ငံများ၌ ဒုက္ခဝေဒနာသက်သာစေရာ၌လည်းကောင်း၊ ငြိမ်းချမ်းမှုပြန်လည်တည်ဆောက်ရာ၌လည်းကောင်း၊လူမှုအဆောက်အအုံများ တည်ထောင်ပေးရာ၌လည်းကောင်း ကြိုးပမ်းဆောင်ရွက်ပေးနေကြသည့် ကုလသမဂ္ဂဝန်ထမ်းများကဲ့သို့ပင် နှစ်ပေါင်းများစွာ စစ်ဘေးသင့်ခြင်း၊ ဖိနှိပ်ခြင်းနှင့် အထီးကျန်ခြင်း ကြုံခဲ့ရသော အီရတ်နိုင်ငံသားများ မိမိတို့၏နိုင်ငံကို ပြည်လည်တည်ဆောက်ခြင်းတွင် ဝင်ရောက်ကူညီပေးခဲ့ကြသည်။

ကျွန်ုပ်တို့သည် လူသားအပေါင်းတို့၏ လိုအပ်ချက်များကို အလိုအပ်ဆုံးနေရာများတွင် ဆက်လက်ဖြည့်ဆည်းပေးရန် တာဝန်ရှိပေသည်။ ကျွန်ုပ်တို့သည် အများနှင့်ဆိုင်သော ပြဿနာများကို အများနှင့်ဆိုင်သော အဖြေများရှာကာ အသင်ကမ္ဘာသူကမ္ဘာသားတို့ကို မလွဲမသွေ ဆက်လက်ကူညီကြရပါမည်။

ကျွန်ုပ်တို့သည် ဆင်းရဲခြင်း၊ ရောဂါဝေဒနာဖိစီးခြင်း၊ ရာသီဥတု မူမမှန်ပြောင်းလဲခြင်းနှင့် လက်နက်ငယ်များ ပြန့်ပွားလာခြင်းတို့ကို ဆက်လက်၍ ကြိုးပမ်းတိုက်ဖျက်ရပါမည်။ ထို့ပြင် အကြမ်းဖက်မှုနှင့်လူအများ သေကျေပျက်စီးစေသော လက်နက်များ ပြန့်ပွားမှုကို ကျွန်ုပ်တို့ လက်တွဲတိုက်ဖျက်ကြရပါမည်။ ကျွန်ုပ်တို့မှာ အခြားရွေးချယ်ရန်မရှိပါ။ ကုလသမဂ္ဂသည် ဤခြိမ်းခြောက်မှုအားလုံးကို တစ်ပြိုင်တည်း ရင်ဆိုင်တိုက်ဖျက်ရပါမည်။

ထိုသို့အောင်မြင်စွာရင်ဆိုင်နိုင်ရန် ကုလသမဂ္ဂအပါအဝင် ကျွန်ုပ်တို့၏ အပြည်ပြည်ဆိုင်ရာ စနစ်ကြီးကိုပါ ပြုပြင်ပြောင်းလဲရန်လိုအပ်ကောင်း လိုအပ်နိုင်ဖွယ်ရှိပါသည်။ ခြုံငုံကြည့်မည်ဆိုပါလျှင် ကျွန်ုပ်တို့အဖွဲ့အစည်းကြီးသည် လူသားအားလုံးအတွက် ငါးဆယ့်ရှစ်နှစ်တိုင် ကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်ဟု ယုံကြည်ပါသည်။ သို့ရာတွင် ခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်သော ဤအဖွဲ့အစည်းကြီးကို ပြုပြင်ပြောင်းလဲရန် အချိန်တန်ကောင်း တန်လာပြီဖြစ်သည်။ ဤအချက်ကို သုံးသပ်ကြရန် နိုင်ငံအစိုးရအားလုံးကို ကျွန်ုပ်တိုက်တွန်းခဲ့သည်။ အကြံကောင်း ဉာဏ်ကောင်းများပေးနိုင်ကြရန်လည်း ပညာရှိအမျိုးသား၊ အမျိုးသမီးများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ကျွန်ုပ်ဖွဲ့စည်းပါမည်။

နောက်ဆုံးတွင် နိုင်ငံအစိုးရများကသာ ဆုံးဖြတ်ကြရပါမည်။ အသင်ကမ္ဘာသူ ကမ္ဘာသားတို့က အသင်တို့၏ မျှော်မှန်းချက်၊ အသင်တို့ မျှော်မှန်းနေထိုင်လိုသည့် ကမ္ဘာကြီးကို ပုံဖော်တင်ပြနိုင်မှသာ နိုင်ငံအစိုးရများက သဘောတူညီချက်ရရှိနိုင်ရန် ကြိုးပမ်းလာကြပေမည်။ အသင်တို့အား ဤကဲ့သို့ တောင်းဆိုလာကြရန် ကျွန်ုပ်အားထားပါသည်။ အသင်တို့၏ တောင်းဆိုသံများသည် လိုအပ်သည့်ခိုင်မာကျယ်လောင်မှုရှိပါက ဤ အရေးကြုံသည့်ကာလအား ကျော်လွှားပြီး တရားဥပဒေစိုးမိုးရေးအပေါ်အခြေခံသည့် ပိုမိုကောင်းမွန်သောကမ္ဘာကို တည်ဆောက်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ သားသမီးများ၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖြည့်ဆည်းနေကြသည်ဟူသော အသိစိတ်ဖြင့် ဆက်လက်ကြိုးပမ်းကြပါစို့။

## ဒီမိုကရေစီအာပေါင်အာရင်းသန်သူများ ကမ္ဘာကြီးကိုအကြမ်းဖက်နေသြဇာနာခံအောင်ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူး၍ အကြမ်းဖက်နည်းသုံးလာခုခံတွန်းလှန်သူများအား နှိမ်နင်းရန်လည်း အကြမ်းဖက်နည်းသုံးခဲ့စနစ်တကျအကြမ်းဖက်သူများအား လက်နက်ကြီးများတပ်ဆင်ထားမလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက် ဆုလက်ခံပွဲ၌ပြောကြား

ယိုဂျကာတာ အောက်တိုဘာ ၂၃

**အမေရိကန်ပြည်ထောင်စု စက်တင်ဘာ ၁၁ ရက်က အတိုက်ခံခဲ့ရပြီးနောက်ပိုင်း ဒီမိုကရေစီကို အကြီးအကျယ်အာပေါင်အာရင်းသန်သန် ထောက်ခံအားပေးသူများသည် ကမ္ဘာကြီးအား အကြမ်းဖက်ခြိမ်းခြောက် အန္တရာယ်ပြုနေကြကြောင်း မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က အောက်တိုဘာ ၂၂ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။**

ဂျာဗားကျွန်းအလယ်ပိုင်းရှိ ယိုဂျကာတာမြို့တွင် ဝန်ကြီးချုပ် မဟာသီမိုဟာမက်က မိန့်ခွန်းပြောကြားရာ၌ မည်သည့်နိုင်ငံကိုမှ အမည်နာမထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ပြောကြားသွားသည်။ သို့ရာတွင်ပွင့်ပွင့်လင်းလင်း ဒဲ့ဒိုးပြောဆိုတတ်သည့် မဟာသီမိုဟာမက် ထုတ်ဖော်ပြောကြားလေ့ရှိသော ပစ်မှတ်များအနက် ပစ်မှတ်နှစ်ခုကို ရည်ရွယ်ပြောကြားပုံရသည်။

ယင်းကဲ့သို့သော တိုက်ခိုက်မှုများသည် မသိနားမလည်သည့် အပြစ်မဲ့ ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ခြင်းမဟုတ်ဟု ယူဆရန်မှာ ရယ်ဖွယ်ရာသာဖြစ်ပြီး အဓိပ္ပာယ်ရှိလိမ့်မည်မဟုတ်ကြောင်း၊ အမှန်စင်စစ် အကြမ်းဖက်မှုသည် ပို၍ပင်ကြီးထွားလာနေကြောင်း၊ စနစ်တကျ အကြမ်းဖက်မှုများ ပြုလုပ်လာကြောင်း၊ လေ့ကျင့်ထားသော တပ်ဖွဲ့ဝင်များ၏လက်တွင် အကြီးစားလက်နက်များ တပ်ဆင်ထားကြောင်းဖြင့်လည်း ပြောကြားသည်။

မလေးရှားခေါင်းဆောင် မဟာသီမိုဟာမက်သည် ယမန်နေ့ အောက်တိုဘာ ၂၂ ရက် မိန့်ခွန်းတွင်မူ သူ၏ ပွင့်ပွင့်လင်းလင်းနှင့် ပြင်းပြင်းထန်ထန်ပြောတတ်သည့် အလေ့အထကို မြိုသိပ်ထားသည်။ ယခုတစ်ကြိမ်တွင် ဒီမိုကရေစီအပေါ် အကြီးအကျယ်ထောက်ခံသူများနှင့် ဒီမိုကရေစီ လုပ်စားသူများအား ဦးတည်ပြောဆိုသွားသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနောက်ပိုင်းတွင် ထိုထိုသော အလုပ်ကိုလုပ်ကိုင်သူများသည် မိမိတို့သြဝါဒကို နာခံအောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရန်နှင့် ခုခံတိုက်ခိုက်သူများအား နှိမ်နင်းရန် တစ်ခုတည်းသော နည်းလမ်းမှာ ကမ္ဘာကြီးကို အကြမ်းဖက်နည်းသာဖြစ်သည်ဟု သူတို့ယူဆနေကြကြောင်းဖြင့်လည်း မဟာသီမိုဟာမက်က ပြောကြားသည်။ ထို့အပြင် မဟာသီမိုဟာမက်က နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများကိုလည်းပြစ်တင်ဝေဖန်သွားသည်။

**အမ်အင်အေ၊အေပီ၊ အေအက်ဖ်ပီ**

## သြစတြေးလျသို့ ဘုရှ်လာရောက်မှု ပြည်သူ ၅၀၀၀ ခန့် ကန့်ကွက်ဆန္ဒပြ

**ကင်ဘာရာ အောက်တိုဘာ ၂၃**

အကြမ်းဖက်မှုများတွင်လည်းကောင်း၊ အီရတ်စစ်ပွဲတွင်လည်းကောင်း အမေရိကန်ဦးဆောင်တိုက်ခိုက်သည့် စစ်ပွဲတွင် အကူအညီပေးခဲ့သည့်အတွက် မိမိ၏ အရင်းနှီးဆုံးမဟာမိတ်ဖြစ်သော သြစတြေးလျနိုင်ငံအား ကျေးဇူးတင်ကြောင်းပြသရန် သြစတြေးလျနိုင်ငံသို့ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် လာရောက်လည်ပတ်ခြင်းကို ဆန့်ကျင်ဆန္ဒပြရန် သြစတြေးလျနိုင်ငံမြို့တော်ကင်ဘာရာတွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသမားများသည် ကြာသပတေးနေ့၌ စုရုံးရောက်ရှိလာသည်။

ကင်ဘာရာမြို့သို့ သမ္မတဘုရှ် ရောက်ရှိလာရာတွင် သြစတြေးလျဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ်အား 'သံမဏိလူသား'ဟု ချီးကျူးထောမနာပြုလိုက်သည်။

သြစတြေးလျနိုင်ငံသို့ နာရီ၂၀ ကြာမျှ သမ္မတဘုရှ် လာရောက်လည်ပတ်ခြင်းကြောင့် အခါတိုင်းက အိပ်ပျော်နေသော မြို့ကြီးပမာ တိတ်ဆိတ်ငြိမ်သက်နေသည့် သြစတြေးလျမြို့တော် ကင်ဘာရာတွင် လုံခြုံရေးတပ်ဖွဲ့များ အကြီး အကျယ် ချထားခဲ့ရသည်။

ဘုရှ်ကို ဗုဒ္ဓဟူးနေ့ညတွင် လေတပ်ဂျက်လေယာဉ်များ ခြံရံလျက်ကြိုဆိုခဲ့သည်။ ကင်ဘာရာမြို့ ကောင်းကင်ယံတွင် ကြာသပတေးနေ့၌ အဆိုပါဂျက်လေယာဉ်များ ကင်းလှည့်နေသည်ကို တွေ့ရသည်။ ဘုရှ်အား လူ ၅၀၀၀ ခန့် စုရုံးပြီး ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

## အမေရိကန်ပြည်သူတို့ အီရတ်နှင့်ပတ်သက်၍ စိုးရိမ်လာ

## လူထုသဘောထားကောက်ခံမှု၌ဖော်ပြနေ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံတွင် အီရတ်နှင့်ပတ်သက်၍လူထုသဘောထားမည်သို့ရှိသည်ကို စူးစမ်းလေ့လာကောက်ခံမှုပြုလုပ်ခဲ့ရာ အမေရိကန်များအနေဖြင့် အီရတ်မှ ရရှိသောသတင်းများကြောင့် စိုးရိမ်ပူပန်မှုပိုမိုများပြားနေသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

အမေရိကန်တပ်များ အီရတ်တွင် ဆက်လက်ချထားသည်ကိုထောက်ခံသူ အရေအတွက်မှာ ပြီးခဲ့သောလက ၆၄ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုလတွင် ကောက်ခံရရှိသော လူထုသဘောထားတွင် ထိုကိစ္စကိုထောက်ခံသူ အရေအတွက်မှာ ၅၈ ရာခိုင်နှုန်းသို့ လျော့ကျသွားသည်။ အဆိုပါသဘောထားလေ့လာမှုများကို သုတေသနဌာနတစ်ခုကလူထုနှင့်သတင်းဌာနအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များကို မိခင်နိုင်ငံသို့ အမြန်ပြန်လည်ခေါ်ယူသင့်သည်ဟု သဘောထားပေးသူအရေအတွက်မှာ ယခင်လက ၃၂ ရာခိုင်နှုန်းသာရှိခဲ့ပြီး ယခုလစာရင်းအရမူ ၃၉ ရာခိုင်နှုန်းအထိ အမေရိကန်တပ်များကိုပြန်ခေါ်လိုသူများက အချိုးအစား တိုးလာသည်ကိုတွေ့ရသည်။

အမေရိကန် ၁၀ ဦးလျှင် လေးဦးနီးပါးတို့က သတင်းဌာနများသည် အီရတ်၏အခြေအနေနှင့်ပတ်သက်၍ အလွန်ဆိုးရွားစွာ ဖော်ပြနေသည်ဟု ဖော်ပြကြသည်။ ထို့အပြင် အမေရိကန်ပြည်တွင်း၌ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်း အခြေအနေနှင့်ပတ်သက်၍ စူးစမ်းခဲ့ရာတွင် သုံးပုံနှစ်ပုံသော ဆန္ဒပေးသူများက အလုပ်အကိုင်ရှာဖွေရ ပိုမိုခက်ခဲလာကြောင်း ဖော်ပြကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ၂၀၀၂ ခုနှစ် ဇွန်လအတွင်းက စူးစမ်းခဲ့ရာ ၄၄ ရာခိုင်နှုန်းသောဖြေကြားသူများက အလုပ်ရရန်ခက်ခဲကြောင်း ဖော်ပြခဲ့ကြပြီး ယခုလ လေ့လာချက်တွင်မူ ၅၉ ရာခိုင်နှုန်းသော ပြည်သူများက အလုပ်ရှာဖွေရခက်ခဲသည်ဟု ဖြေကြားကြသည်။ သုတေသနအဖွဲ့သည် လူထု ၁၅၁၅ဦးကို အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အတွင်း စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒါထက်တောင်ပိုသေး

မောင်ကာဠု

**(အဘိုး)** – ဟဲ့–မောင်ကာဠု ဘယ်သွားနေတုံး၊ မတွေ့ရတာကြာပြန်ပြီ။

**(မောင်ကာဠု)** – သတင်းတွေ အဘိုးရဲ့ သတင်းတွေ၊ ညတိုင်း ရုပ်မြင်သံကြားမှာ ထိုင်ကြည့်နေလို့။ ပြည်တွင်းပြည်ပသတင်းတွေ ကြည့်နေရတယ်ခင်ဗျာ့။ သတင်းမှန်မသိရင် အတင်းသံ၊ အဖျင်းသံတို့ရဲ့ အဖိခံရတတ်တာပဲ။

**(ဘိုး)** – တယ်ဆိုတဲ့ စာပါလားကွ၊ ပြောစမ်းပါဦး။

**(ဠု)** – နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ် (၇)ရပ်အကြောင်း မိန့်ခွန်းကိုနားထောင်ရတယ်။ အဲဒီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ တည်ဆောက်ရေးလုပ်ငန်းအဆင့်(၇)ဆင့်၊ အင်း…ခေတ်စကားနဲ့ ပြောရရင်တော့ အဘိုးရယ်(Road Map)…လမ်းပြမြေပုံပေါ့။ အဲဒီ မိန့်ခွန်းကိုကြိုဆိုထောက်ခံပြီး အဲဒီ လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်အောင် ပြည်ထောင်စုမြန်မာနိုင်ငံဖွား တိုင်းရင်းသားပြည်သူများက ကျရာတာဝန်ကနေ တစ်တပ်တစ်အားပါဝင် ကြိုးပမ်းကြမယ်လို့ ဆုံးဖြတ်ကြတဲ့ ပြည်နယ်၊တိုင်း ဒေသစုံက လူထုအစည်းအဝေးကြီးတွေရဲ့ သတင်းကို မလွတ်တမ်း နားထောင်ရတယ် အဘိုးရဲ့။

**(ဘိုး)** – အေး…ဒါတော့ တို့လဲ ပုတီးကိုင်ရင်း နားထောင်ရတာပဲကွယ့်။

**(ဠု)** – နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်တော်တို့နိုင်ငံရဲ့ ဆယ်စုနှစ်တစ်ခုခွဲလောက်၊ အဲ…၁၅ နှစ်ခန့်အတွင်း ဘက်ပေါင်းစုံတိုးတက်လာပုံတွေကို စာရင်းဇယား ကိန်းဂဏန်းတွေနဲ့ ဖော်ပြထားတယ်။ အဲဒီလို စုစုစည်းစည်း နားထောင်ရ၊ မြင်ရတော့မှ ကျွန်တော်တို့နိုင်ငံ ဘယ်လောက် အေးချမ်းသာယာလာတယ်၊ အမျိုးသားစည်းလုံးညီညွတ်ရေး ဘယ်လောက် တောင့်တင်းခိုင်မာလာတယ်၊ ဘက်ပေါင်းစုံ တိုးတက်ဖွံ့ဖြိုးမှုတွေကလဲ အံ့သြလောက်အောင် ဖြစ်ထွန်းလာတယ်ဆိုတာ မြင်ရတာပေါ့ခင်ဗျား။

**(ဘိုး)** – အေးကွ…ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ပြသပုံတွေကလဲ ကောင်းတယ်ကွယ့်။ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကဏ္ဍအလိုက် ထည့်သွင်းပြသတဲ့အတွက် ပိုမိုပြည့်စုံခိုင်လုံသွားတာပေါ့။

**(ဠု)** – ပြည်နယ်၊ တိုင်း လူထု အစည်းအဝေးကြီးတွေတိုင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အားဖြည့်တဲ့အနေနဲ့ ဒေသတစ်ခုချင်း၊ ပြည်နယ်၊ တိုင်းတစ်ခုချင်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုကိန်းဂဏန်းတွေ ဖြည့်စွက်ဖော်ပြလိုက်တော့ ပိုမိုပြည့်စုံသွားတာပေါ့။ ရုပ်မြင်သံကြားပြကွက်တွေကလဲ အဲဒီဒေသအလိုက် ဖွံ့ဖြိုးတိုးတက်နေပုံတွေကို ဖော်ပြတဲ့အတွက် အပြောနဲ့အလုပ် အဟုတ်ညီညွတ်ပုံသရုပ် ပိုပေါ်တာပေါ့နော် အဘိုး။

**(ဘိုး)** – အေးလေ… ဒီ Road Map ဟာ တို့နိုင်ငံသမိုင်းကြောင်း၊ တို့နိုင်ငံအတွေ့အကြုံ၊ တို့ရဲ့ လူမျိုးစရိုက်၊ ယဉ်ကျေးမှုအစဉ်အလာ၊ ဆန္ဒသဘောထားတွေနဲ့ ကိုက်ညီမှုအရှိဆုံး လမ်းပြမြေပုံပဲ။ ကိုယ့်နိုင်ငံ တိုးတက်ကောင်းစားရေး ကိုယ့်လူမျိုးမျက်နှာကြည့်ပြီးလုပ်ရင် ဒီလမ်းပေါ်ပဲ တစ်သမတ်တည်းလျှောက်ရမှာပေါ့။

**(ဠု)** – အဲဒါပေါ့ အဘိုးရဲ့… ဒီ Road Map ကို ရစရာမရှိအောင် ပြောနေကြတဲ့ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတွေ၊ ပြည်ပြေး၊ ဝရမ်းပြေး၊ အာဏာမှုဆိုးတွေနဲ့ အနောက်မီဒီယာတွေ အတိုင်အဖောက်လုပ်ပြီး ဝေဖန်ပုတ်ခတ်နေကြသံတွေလဲ နားငြီးလောက်အောင် ကြားနေရတယ်။ ကျွန်တော် စောစောကပြောတဲ့ အတင်းသံ၊ အဖျင်းသံတွေဆိုတာ အဲဒါကို ပြောတာ။

**(ဘိုး)** – ဟ… မောင်ကာဠုရ၊ မူလကတည်းက အဲဒီပြည်ပရောက် ပြည်ပြေးအဖျက်သမားတွေ၊ ပြည်တွင်းက ပုဆိန်ရိုးတွေဟာ နိုင်ငံနဲ့လူမျိုးကိုချစ်ရင် ပြည်တွင်းမှာနေ၊ ပြည်သူနဲ့ အတူရပ်၊ ပြည်သူအေးချမ်းအောင် ကြိုးစား၊ ပြည်သူဖွံ့ဖြိုးတိုးတက်အောင် တတ်စွမ်းသမျှ လုပ်နေရမှာပေါ့။ အဲဒီအခါ ပြည်သူကလဲ သြော်… ဒီလူသိုက်က နိုင်ငံနဲ့ပြည်သူအကျိုး တကယ်လုပ်ကြသားပဲလို့ အသိအမှတ်ပြုလာကြမှာပေါ့။ အေး… နောင်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ထွန်းလာပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါ ပြည်သူတွေရဲ့ ဆန္ဒမဲထောက်ခံမဲတွေ ရတန်သရွေ့ ရကြမှာပေါ့။ အခုတော့ သူတို့ဟာက မြန်မာနိုင်ငံကို မပိတ်ဆို့သေးဘူးလား၊ ပိတ်ဆို့ပါတော့။ ပြည်ပက အကူအညီတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ရပ်သိမ်းကြဆိုပြီး ပြည်သူလူထု ပိုမိုဆင်းရဲကျပ်တည်းအောင် လုပ်လား လုပ်ရဲ့၊ ပြည်တွင်းမှာ ငြိမ်းချမ်းသာယာနေတာ ပျက်ပြားအောင်၊ ဆူပူအောင်လုပ်လား လုပ်ရဲ့၊ သူတို့ရဲ့ ဘော်ဒါတွေလေကွာ… ကေအင်န်ယူတို့ ဘာတို့ဆိုတဲ့ သောင်းကျန်းသူ လက်ကျန်တွေကလဲ ပြည်သူကို ပစ်ခတ်၊ လမ်း၊ တံတား၊ ဓာတ်ငွေ့ပိုက်တွေဖောက်ခွဲ စတဲ့ အကြမ်းဖက်လုပ်ရပ်တွေ လုပ်လားလုပ်ရဲ့၊ ပြည်ပက နယ်ချဲ့အုပ်စုကလဲ ပိတ်ဆို့တာ၊ ဟန့်တားတာ၊ နှောင့်ယှက်တာ ပြည်တွင်းမှာ ဆူပူအောင် သွေးထိုးတာတွေ လုပ်လားလုပ်ရဲ့။

**(ဠု)** – ဒါပေမယ့် အဘိုးရယ်…မြန်မာပြည်သူတွေရဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ ဇာတိမာန်၊ စည်းလုံးညီညွတ်မှုက အဲဒီအဖျက်ရန်စွယ်တွေကို တွန်းလှန်လိုက်နိုင်တာချည်းပါပဲ။

**(ဘိုး)** – အဲဒီ စွက်ဖက် ခြေရှုပ်အမြတ်ထုတ်တတ်တဲ့ နယ်ချဲ့အုပ်စုက မြန်မာနိုင်ငံကို ကျန်တဲ့နိုင်ငံတွေက ပိတ်လိုက် ဆို့လိုက်ကြပါတော့လား၊ ဖိအားပေးလိုက်ကြပါတော့လား၊ ဝိုင်းပယ်လိုက်ကြပါတော့လား၊ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေး အချိုးဖောက်ဆုံး၊ ဘာသာရေးလွတ်လပ်ခွင့် အချိုးဖောက်ဆုံး၊ မူးယစ်ဆေးဝါးအထုတ်လုပ်ဆုံးဆိုတာ ယုံလိုက်ကြပါတော့လားဆိုပြီး နိုင်ငံတကာနဲ့ လှည့်တိုက်လာကြတယ်။

**(ဠု)** – သမာသမတ်ရှုမြင်တတ်တဲ့ နိုင်ငံတွေ၊ နယ်ချဲ့အုပ်စုရဲ့အကြောကို နောကျေအောင်သိနေတဲ့ နိုင်ငံတကာက ယုန်ရုပ် ရေးပြသော်လဲ မယုံရေးချ မယုံပါဘဲ။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပပြီးစီးခဲ့တဲ့ နဝမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို ကြည့်လေ…၊ အနောက်က၊ အာဆီယံအသင်းဝင် နိုင်ငံအားလုံးက မြန်မာကို ဘယ်လိုလုပ်တော့မယ်၊ ဘယ်လိုဖိအားပေးတော့မယ်၊ မယုံစောင့်ကြည့်ကြလို့ အနောက်မီဒီယာတွေမှာ နေ့စဉ်ညစဉ် ဘောတီးကြတာ။ လက်တွေ့မှာတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အလွန်တိကျပြည့်စုံတဲ့ လုပ်ငန်းစဉ်(၇)ရပ်ကို နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းပြတာ အာဆီယံနိုင်ငံအားလုံးက ကြိုဆိုထောက်ခံကြတယ်။ နိုင်ငံတကာကို သူတို့ပြောတာ ယုံရမယ်၊ သူတို့ပြောသလို လုပ်ရမယ်ဆိုတဲ့ အနောက်ရဲ့ အတ္တလွန်မှုကို ကမ္ဘာက လက်မခံဘူးဆိုတာ အခိုင်အမာပြလာနေကြတာ ညစဉ်ညတိုင်း မြန်မာ့ရုပ်မြင်သံကြား နိုင်ငံတကာသတင်းအစီအစဉ် နားထောင်ရုံနဲ့ သိနိုင်ပါတယ်။

**(ဘိုး)** – အောက်တိုဘာ ၁၃ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ တကယ့်အာဆီယံရဲ့ စည်းလုံးမှု၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံအစဉ်အလာကောင်းတွေကို ခြေခြေမြစ်မြစ် တင်ပြသွားပြီးပါပြီကွယ်။ အဲဒီမှာ တို့စိတ်ဝင်စားလိုက်တာ တစ်ချက်က ကေအင်န်ယူ သောင်းကျန်းသူတွေ ဥပဒေဘောင်အတွင်းဝင်လာတော့မယ်ဆိုတဲ့ သတင်းမှန် မမှန် နိုင်ငံခြားသတင်းထောက်တစ်ဦးမေးတာ တာဝန်ရှိပုဂ္ဂိုလ်က ဖြေကြားလိုက်တဲ့ ဖြေကြားချက်ပဲကွယ့်။ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုဆိုတာ နိုင်ငံတိုးတက်ရေးကို အနီးကပ် နှောင့်ယှက်ပြီး ပြည်သူ့အသက်အိုးအိမ်ကို အန္တရာယ်အပေးဆုံး အဖျက်လုပ်ရပ်ကွယ့်။ တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက သွေးခွဲခံရမှုသံသယတွေ၊ ဂိုဏ်းဂဏ၊ဝါဒ၊အယူအစွဲ ပယောဂတွေ၊ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ အတ္တလွန်မှုတွေနဲ့ နှစ်ပေါင်း လေးဆယ်ကျော် ဒုက္ခရောက်ခဲ့ကြပြီးပါပြီ။ တပ်မတော်အစိုးရရဲ့ အခု ၁၅ နှစ်လောက်အတွင်း အမျိုးသားတိုးတက်ရေး ကြိုးပမ်းအောင်မြင်မှုတွေကို မြင်ကြပြီး တရားဥပဒေဘောင်အတွင်း ဝင်လာတဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ရှိလာတယ်။ ဒါကြောင့် ပြည်ထောင်စု တစ်နံတစ်လျား ငြိမ်းချမ်းလာတယ်၊ လမ်းပန်း လုံခြုံချောမွေ့လာတယ်၊ သွားလမ်းလာလမ်း၊ ရောင်းပန်းဝယ်ပန်းတွေ ပွင့်လာတယ်။

**(ဠု)** – ကေအင်န်ယူတို့၊ အက်စ်ယူအာရ်အေတို့ဆိုတဲ့ သောင်းကျန်းသူတွေဟာလဲ လက်ကျန်လက်ငုတ်လောက်ပါပဲ။ ကေအင်န်ယူရဲ့ တကယ့်အင်အား အရင်းအမြစ်ဖြစ်တဲ့ ဗုဒ္ဓဘာသာ ကရင် (ဒီကေဘီအို)တို့၊ ဖဒိုဦးအောင်ဆန်းအဖွဲ့၊ ဦးစောသမူဟဲအဖွဲ့စတဲ့ အင်အားစုတွေက ပြည်သူ့ရင်ခွင်မှာ ငြိမ်းချမ်းရေးယူပြီး ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုဖွံ့ဖြိုးရေး လုပ်နေကြပြီပဲ။ လက်ကျန်သောင်းကျန်းသူတွေဟာ ပြည်တွင်းမှာ မရပ်တည်နိုင်တော့တဲ့အတွက် တစ်ဖက်နိုင်ငံမှာ ခိုလှုံရင်း အလစ်အငိုက် နယ်စပ်ဖြတ်ကျော်ပြီး ဒေသခံတိုင်းရင်းသားတွေကို အကြမ်းဖက် သတ်ဖြတ်နေကြတာပါ အဘိုးရယ်။

**(ဘိုး)** – အေး… ကေအင်န်ယူလက်ကျန်တွေကလဲ တရားဥပဒေဘောင်အတွင်းဝင်ဖို့ အစိုးရကိုယ်စားလှယ်တွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးပြီးကြပြီကွ။ အလွတ်သဘော သုံးကြိမ်၊ တရားဝင်လေးကြိမ် စုစုပေါင်း ခုနစ်ကြိမ်ဆွေးနွေးပြီးပြီ။ နေ့ဝင်လာတော့မလို၊ ညဝင်လာတော့မလို အခြေအနေရောက်ရှိပြီးမှ တစ်ဖက်နိုင်ငံက ကေအင်န်ယူစခန်းကို အနောက်မှာ အခြေစိုက်ပြီး အနောက်က ခိုင်းရာလုပ်နေတဲ့ ယူဂျင်းသိုက်တို့၊ နော်လှီဇာဘင်ဆင်တို့ ရောက်လာပြီး အနောက်က တာဝန်ပေးတဲ့အတိုင်း ကေအင်န်ယူတွေ ဥပဒေဘောင်ထဲ ပြန်မဝင်ဖြစ်အောင် ခါးဆွဲကြတော့တာပဲ။ ထုံးစံအတိုင်း မက်လုံးတို့၊ အထောက်အပံ့တို့ကလဲ ပါမှာပေါ့။ အဲဒီမှာတင် မဲသရောထ ကြေညာချက်တွေထုတ်ပြီး ငြိမ်းချမ်းရေးလမ်းစဉ် သွေဖည်လာတယ်၊ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်တွေ ပိုလုပ်လာတယ်ပေါ့ကွယ်။

**(ဠု)** – နော်လှီဇာဆိုတာက ၁၉၆၄ ခုနှစ်မှာ အလင်းဝင်ပြီး ပြန်တောခိုသွားတဲ့ ကေအင်န်ယူတပ်မဟာ(၅)က လင်းထင်ရဲ့ မိန်းမ မဟုတ်လား။ အလင်းဝင်တုန်း နော်လှီဇာနဲ့ လက်ထပ်၊ တောပြန်ခို၊ ပြည်တွင်းတိုက်ပွဲမှာပဲ လင်းထင်က ကျ၊ နော်လှီဇာက တပ်မဟာ(၅)ကို မပြီး ဘိုမြနဲ့ပေါင်း၊ နောက်ဗန်ကောက်မှာနေရင်း အမေရိကန်တစ်ယောက်နဲ့ ယူပြီး အနောက်ကိုလိုက်သွားတဲ့ ရုပ်ရှင်မင်းသမီး မယ်ဗမာ ဂျူးနဲ့ ကရင်ကပြားမဟုတ်လား အဘိုး။

**(ဘိုး)** – မင်းကလဲ တယ်သိနေပါလား၊ အေး… ဟုတ်တယ် သူပဲ။ ကေအင်န်ယူဟာ ၂၀၀၂ ခုနှစ် ဇန်နဝါရီလက ဒီကနေ့အထိ အကြမ်းဖက်လုပ်ရပ်တွေ ဆက်တိုက်လုပ်ခဲ့တယ်။ ၂၀၀၂ ခုနှစ်မတိုင်မီက လူသတ်၊ မီးရှို့၊ မိုင်းခွဲတဲ့လုပ်ရပ်တွေကတော့ စာရင်းတောင်လုပ်ဖို့ လွယ်ပါ့မလား မသိဘူး။ ၂၀၀၂ ခုနှစ် တစ်နှစ်လုံးနဲ့ ၂၀၀၃ ခုနှစ် ကိုးလပိုင်းလောက်အထိ ကာလအတွင်း ကျေးရွာများအတွင်း ဝင်ရောက်လုယက်အကြမ်းဖက် ပစ်ခတ်ဖျက်ဆီးမှု ၁၃ ကြိမ်၊ အပြစ်မဲ့အရပ်သားများ မိုင်းထိခိုက်ဒဏ်ရာရမှု ၃၁ ကြိမ်၊ ခရီးသည်မော်တော်ယာဉ်များကို ဓားပြတိုက်၊ လုယက်မှု ၁၁ ကြိမ်၊ ခရီးသည်မော်တော်ယာဉ်များကို မိုင်းထောင်ပစ်ခတ်မှု ငါးကြိမ်၊ လမ်းတံတားမိုင်းခွဲမှု ခုနစ်ကြိမ်၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း မိုင်းထောင်ဖျက်ဆီးမှု ခုနစ်ကြိမ်၊ ချိန်ကိုက်ဗုံးခွဲဖျက်ဆီးမှု ၁၇ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု၊ ဖမ်းဆီးခေါ်ဆောင်သွားမှု ခြောက်ကြိမ်လုပ်ခဲ့ရာမှာ အပြစ်မဲ့ပြည်သူ ၄၂ ဦးသေဆုံးပြီး ၁၅၆ ဦး ဒဏ်ရာရရှိခဲ့တယ်။

**(ဠု)** – ကေအင်န်ယူက တရားဥပဒေဘောင်အတွင်းဝင်ဖို့ အခုလတ်တလော ကမ်းလှမ်းတာတော့ မရှိသေးဘူး။ ဒီဘက်ကတော့ နိုင်ငံအေးချမ်းရေး၊ အကြမ်းဖက်မှုရပ်တန့်ရေး၊ နိုင်ငံတော်ရှေ့ဆက်ပြီး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်ကသုံးသပ်ပြီး ကေအင်န်ယူတို့ ကမ်းလှမ်းဝင်ရောက်လာမယ်ဆိုရင် ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဖြေကြားသွားတာ မှတ်မိလိုက်တယ် အဘိုး။ အဲဒီ သတင်းစာရှင်းလင်းပွဲမှာပဲ မြန်မာနိုင်ငံက သစ်တောတွေ အရမ်းခုတ်ပစ်နေလို့ သဘာဝပတ်ဝန်းကျင်၊ ဥတုရာသီတွေ ပျက်ကုန်ပါပြီလို့ ပြည်ပက အခြေအမြစ်မရှိ စွပ်စွဲပုတ်ခတ်မှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ရှင်းပြသွားတာ ကြားလိုက်ရပါတယ်။

**(ဘိုး)** – ဟဲ…ဟဲ…ဟဲ… ရယ်ရွှင်ဖွယ်ပြက်လုံးတွေ ကြားနေရသလိုပါပဲကွာ။ အဲဒီ အနောက်နိုင်ငံကလူတွေ အလုပ်အကိုင်မရှိကြတော့ဘူးလား မသိဘူး။ ဟိုနိုင်ငံကို စွပ်စွဲလိုက်၊ ဒီနိုင်ငံကို စွပ်စွဲလိုက်နဲ့ အတင်းပြော၊ အဖျင်းပြောကလဲ တယ်ပြောကြသကိုးကွယ့်။ တို့နိုင်ငံမှာ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တော့ သစ်ပင်တွေခုတ်ပစ်လို့ သဘာဝပတ်ဝန်းကျင်တွေ ပျက်ကုန်ပြီလို့ ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီတွေ ကုန်းအော်ခဲ့တာ မှတ်မိသေးလား။ အဲဒီ ဓာတ်ငွေ့ပိုက်လိုင်းကြီး သွယ်ပြီး ထိုင်းနိုင်ငံကို ကမ်းလွန်ရတနာဓာတ်ငွေ့တွင်းက ဓာတ်ငွေ့တွေ ပို့လွှတ်ပေးရင် နိုင်ငံဝင်ငွေ တိုးတော့မယ်။ အဲဒီလိုဝင်ငွေတိုးရင် တံတားတွေ၊ လမ်းတွေ၊ ဆည်တမံတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ စက်မှုဇုန်တွေ၊ စက်မှုလယ်ယာတွေ ပိုပြီးတိုးတက်လာချေရဲ့ဆိုတဲ့ မစ္ဆရိယစိတ်နဲ့ အော်ခဲ့တာပဲ။

**(ဠု)** – ကျွန်တော် မှတ်မိတယ်၊ မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီယာက အမေရိကန်စွက်ဖက်မှုတွေကို အမြဲဆန့်ကျင်ပယ်ချလေ့ရှိတော့ မလေးရှားမှာ သစ်တောတွေ ခုတ်ထွင်ပစ်လို့ ဒေသတွင်း မိုးခေါင်ကုန်ပြီလို့ သူတို့ အနောက်က ဘာအဖွဲ့၊ ညာအဖွဲ့တွေက အော်ဟစ်တာလေ အဘိုးရဲ့။

**(ဘိုး)** – တို့နိုင်ငံ အကျယ်အဝန်း ဧရိယာအားလုံးရဲ့ ၅၂ ရာခိုင်နှုန်းကျော်ကျော်က အဖိုးတန်သစ်တောကြီးတွေနဲ့ ဖုံးလွှမ်းနေတာကွယ့်။ သစ်တော ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ တို့မြန်မာတွေသိလို့ ကျင့်သုံးလာခဲ့တာ နှစ်ပေါင်း ၁၅၀ ရှိပြီ။ ဒီကနေ့လဲ ပိုမိုခေတ်မီစနစ်တွေနဲ့ သစ်တောထိန်းသိမ်းစောင့်ရှောက်တယ်။ အပြောင်ရှင်း ခုတ်တာမျိုးမလုပ်ဘူး။ သစ်တောစိုက်ခင်း ပျိုးခင်းသစ်တွေ ဧကသန်းချီလုပ်ခဲ့တာ သတင်းစာရှင်းလင်းပွဲမှာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အသေးစိတ် ရှင်းပြသွားခဲ့ပြီပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့လို့လဲ အပြည်ပြည်ဆိုင်ရာ အပူပိုင်း သစ်တောလုပ်ငန်းအဖွဲ့ (ITTO)က မြန်မာနိုင်ငံကို ကမ္ဘာပေါ်မှာ ထာဝစဉ်သစ်တောဖွံ့ဖြိုးတိုးတက်ရေး စီမံအုပ်ချုပ်မှု (SFM)ရရှိတဲ့ နိုင်ငံ ခြောက်နိုင်ငံအနက် တစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့တာပဲ။ ဒါတွေအားလုံး အောက်တိုဘာလ ၁၄ ရက်နေ့ထုတ် သတင်းစာတွေမှာ အကျယ်တဝင့်ပါပြီးသွားပြီပဲလေ။

**(ဠု)** – မြန်မာနိုင်ငံဟာ ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝတယ်။ ညီညွတ်စွာ၊ တက်ကြွစွာ၊ အေးချမ်းစွာ၊ ခေတ်မီစွာ တည်ဆောက်လိုက်ရင် တကယ့်ရွှေနိုင်ငံကြီး ဖြစ်လာမှာပဲ။ သူတစ်ပါးနိုင်ငံကို အင်အားသုံး၊ ကျူးကျော်၊ အနိုင်ကျင့်ပြီး စီးပွားရေးစားကျက် လုယက်နိုင်မှ ချမ်းသာတဲ့နိုင်ငံမျိုး မဟုတ်ပါဘူး။

**(ဘိုး)** – အေးလေ… ဒါကြောင့် တို့အပေါ် ရန်လိုတာပေါ့။ ဒီကနေ့မြန်မာနိုင်ငံဟာ ကိုယ့်အားကိုယ်ကိုးပြီး ပိတ်ဆို့နှောင့်ယှက်ကြတဲ့ကြားက တိုးတက်ဖြစ်ထွန်းမှုတွေက များလွန်းလာနေတော့ သူတို့ ကိုလိုနီလက်သစ်အုပ်စုနဲ့ ပုဆိန်ရိုးတွေက ဘယ်မှာ ကျေနပ်ပါ့မလဲကွာ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အဝိဇ္ဇာအမှောင်ဖုံးနေတဲ့ အဲဒီလူတွေအဖို့ကတော့ အဆိုးမြင် မျက်မှန်ကိုယ်စီ တပ်ကြည့်နေကြတာ ဘာဆန်းသလဲ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့







**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)**

၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်နှစ်လျှင် ဆီအုန်း ဧက တစ်သောင်းစီ စိုက်ပျိုးသွားရန် စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းတွင် လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းအင်အား၊ စက်ယန္တရားများအသုံးပြုမှု၊ ဆီကြိတ်စက်ရုံနှင့် ဆီချောစက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက် ရှင်းလင်းတင်ပြသည်။

## ဆီအုန်းစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားရာ၌ ရေမြေရာသီဥတု အခြေအနေအရ ကော့သောင်းနှင့် မြိတ်အကြား၌ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း။

ယုဇန စိုက်ပျိုးရေးခြံကဲ့သို့ အခြားပုဂ္ဂလိက ဆီအုန်းခြံများသည်လည်း အောင်မြင်ဖြစ်ထွန်းနေသည်ဖြစ်ရာ အချိန်ရလျှင် ရသကဲ့သို့ မိမိတို့ အားပေးကြည့်ရှုသွားမည်ဖြစ်ကြောင်း။

## ✡ *တနင်္သာရီတိုင်းမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်မှ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးသန်းမြင့်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ခမောက်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

## လုပ်ငန်းအခြေအနေတင်ပြ

ထိုအချိန်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဖြိုးက ခမောက်ကြီးမြို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။ သက်ဆိုင်ရာဌာန တာဝန်ခံများကလည်း မိမိတို့လုပ်ငန်းဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများကို တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ခမောက်ကြီးဒေသ၌ ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည် ညီညီညွတ်ညွတ် စုပေါင်း၍ ဒေသခံပြည်သူများ၏ လူမှုကိစ္စအဝဝကို အဖြစ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

## ပြည်သူများအားကာကွယ်

မိမိတို့ နိုင်ငံ့ဝန်ထမ်းများသည် ဒေသခံပြည်သူများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရမှာဖြစ်ကြောင်း၊ သို့မှသာ ဒေသခံပြည်သူများက ယုံကြည်အားကိုး လေးစားသည့် ဝန်ထမ်းများဖြစ်လာမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် ဆီအုန်းပင်များ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိလာပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက် မှာကြားသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် မိမိတို့ ယုဇနကုမ္ပဏီလီမိတက်နှင့် အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်တို့ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ၁၉၉၉ ခုနှစ်တွင် ဆီအုန်း ဧက ၂၈၃ဧက စတင် စိုက်ပျိုးနိုင်ခဲ့ရာမှ ယနေ့အထိ ဆီအုန်း ဧက လေးသောင်းကျော် စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊

တနင်္သာရီတိုင်း၌ ရေသယံဇာတ၊ မြေသယံဇာတ ပေါများသည်ဖြစ်ရာ ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာရမည်ဟု မိမိတို့မျှော်မှန်းချက်ထားပြီး တွန်းအားပေးခဲ့ရာ ယခုအခါ ဆီအုန်း ဧက တစ်သိန်းကျော်ခန့် စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံမှု မရှိသဖြင့် ပြည်ပမှ စားအုန်းဆီများ တင်သွင်း၍ စားသုံးမှုအတွက် ဖြည့်ဆည်းနေရခြင်းဖြင့် နိုင်ငံခြားသုံးငွေများကို သုံးစွဲနေရကြောင်း။

## သွင်းကုန်အစားထိုး

တနင်္သာရီတိုင်း၌ မျှော်မှန်းထားသည့်အတိုင်း ဆီအုန်းများ တိုးချဲ့စိုက်ပျိုးပြီး စားအုန်းဆီထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်တွင်း၌ စားသုံးဆီ ဖူလုံရုံသာမက ပိုလျှံသည်တို့ကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊

# တနင်္သာရီတိုင်းဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများ

ထို့ကြောင့် ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းသည် သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ်သာမက ပြည်ပပို့ကုန်လုပ်ငန်းအဖြစ်ပါ မျှော်မှန်းရရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း။

နိုင်ငံတော်အတွက်လည်း အကျိုးရှိ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသည့်လုပ်ငန်းဖြစ်၍လည်း မိမိတို့ အားပေးပျိုးထောင်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးမှု အပါအဝင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အခြေခံအားဖြင့် လိုအပ်သော လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် နယ်မြေလုံခြုံရေးကို အလေးထား ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ကော့သောင်း–ဘုတ်ပြင်း–မြိတ်–ထားဝယ် ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ရာ၌ပင် လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းတို့အတွက် ငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

**ထားဝယ်တက္ကသိုလ် စာသင်ဆောင်**

တနင်္သာရီတိုင်းအတွင်းရှိ ဒေသခံ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ထားဝယ်တက္ကသိုလ် စာသင်ဆောင်များကို တွေ့ရစဉ်။



ကော့သောင်းမြို့ရှိ ကော့သောင်းလေဆိပ်အဆောက်အအုံ။

## ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ တရားပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ နိုဝင်ဘာ ၈ ရက် နံနက် ၁၀နာရီတွင် စုပေါင်းမဟာဘုံကထိန်နှင့် စာရေးတံမဲလှူဒါန်းပွဲကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းကျောင်းတိုက်)၊ နိုဝင်ဘာ ၂ ရက်တွင် အရှင်သုစိတ္တ(နေနတ်သားစာသင်တိုက်)၊ နိုဝင်ဘာ ၉ ရက်တွင် အရှင်ခေမိန္ဒ(ခင်မကန်ကျောင်းတိုက် တောင်ဒဂုံ)တို့က ညနေ ၃နာရီမှ စတင်ကာ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**



နိုင်ငံတော်အပိုင်းက တာဝန်ယူ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးနေသကဲ့သို့ ဆီအုန်းလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများကလည်း မိမိတို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်သည်ထက် တိုးတက်လာအောင် ရည်မှန်းချက် မြင့်မြင့်မားမားထား၍ ကြိုးစားကြစေလိုကြောင်း။

### ငါးပုစွန်လုပ်ကိုင်

တနင်္သာရီတိုင်း၏ ရေမြေအခြေအနေအရ ဆီအုန်းစိုက်ပျိုးမှုအပြင် ရော်ဘာစိုက်ပျိုးမှု၊ ငရုတ်ကောင်းစိုက်ပျိုးမှုတို့ကို ထိထိရောက်ရောက် တိုးချဲ့လုပ်ကိုင်နိုင်ကြောင်း၊ မြေလွတ် မြေရိုင်းများကို အသုံးချ၍ စပါးသီးနှံ တိုးချဲ့စိုက်ပျိုးပြီး ဒေသဆန် ဖူလုံခိုင်မာအောင်လည်း လုပ်ဆောင်သွားရမှာ ဖြစ်ကြောင်း၊ ထို့ပြင် တနင်္သာရီတိုင်း၏သဘာဝအနေအထားအရအောင်မြင်နေသော ငါး၊ ပုစွန်လုပ်ငန်းကို ဆက်လက် တိုးချဲ့လုပ်ကိုင်သွားရန်လိုကြောင်း။

ယခုကဲ့သို့ ဖြစ်ထွန်းနိုင်သော စီးပွားရေးလုပ်ငန်းများကို ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်လိုက်မည်ဆိုပါက တနင်္သာရီတိုင်းသည် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအားထားရသော တိုင်းကြီးများ၌ ပါဝင်သွားပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားသွားမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းကြီးကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီ မိနစ် ၂၀ တွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့သို့ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးကြီး သူရသက်ဦးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် လေညာ–မဏ္ဍိုင် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တံတားဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဘုတ်ပြင်းမြို့ အတုလာဓိပတိ မဟာမုနိ ရွှေသာလျောင်း ရုပ်ပွားတော်အနီးရှိ သီရိမင်္ဂလာ အာရုံခံတန်ဆောင်း၌ ဘုတ်ပြင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဓမ္မဝိဇယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အတုလာဓိပတိ မဟာမုနိရွှေသာလျောင်း ရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။



မြိတ်မြို့ရှိ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးကြီး သူရသက်ဦးမောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့ညနေပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး လူနာများ၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)က ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးပဒေသာပင် အလှူငွေများကိုလည်းကောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုလေးယုအား ပေးအပ်ပြီး အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**(သတင်းစဉ်)**



ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပထမထပ်(ယာ)၊ ၃၈ လမ်း (ထက်)၊ ရန်ကုန်မြို့၊ဖုန်း–၇၂၂၀၅၃ က ဖြန့်ချိသည့် မိုးသန့်၏ အချစ်၄က်များ ပျံသန်းစေသတည်း စာအုပ်မျက်နှာဖုံး။

**(က–ပ)**

မြိတ်မြို့ ကျောက်ဖျာမြစ်ကူး ကွဲကူး-ကျောက်ဖျာတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။



**သားငါးဖွံ့ဖြိုး ပြည့်အကျိုး**

# မဲခေါင်မြစ်ကြောင်းရေလမ်းအသုံးချရေး အမြင်ချင်းဖလှယ်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Ministry of Communication, Transport , Post and Construction, LAO PDR (CTPC) ဝန်ကြီး H.E. Mr. Bouathong Vong Lokhan သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Chan Thavy Bodhisane နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေအား ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီး၏ ညှိခန်းသို့လာရောက်တွေ့ဆုံပြီး မြန်မာ–လာအို နှစ်နိုင်ငံ မဲခေါင်မြစ်ကြောင်း ရေလမ်းအသုံးချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှစ်ဦးနှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အမြင်ချင်းဖလှယ်ကြသည်။

ထိုသို့ တွေ့ဆုံရာသို့ ဝန်ကြီးနှင့်အတူ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ခင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ▼ မြန်မာနိုင်ငံမှ တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင် ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး မဒမ်ဖီဘီအေဂိုမက်ဇ်၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ်ပေရီ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးခြားလှသည့် ကုလသမဂ္ဂနေ့အခမ်းအနားကို ဧည့်သည်တော်များနှင့်အတူ ကျင်းပခွင့်ရသည့်အတွက် မိမိ အနေဖြင့် များစွာ အားရကျေနပ်မိကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် လွန်ခဲ့သော (၅၈)နှစ် ယခုလိုနေ့တွင် ပေါက်ဖွားလာခဲ့ကြောင်း၊ ပြောရမည်ဆိုလျှင် ကြောက်မက်ဖွယ် အနိဋ္ဌာရုံလွှမ်းသည့် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ လူသားမျိုးနွယ်အဆက်ဆက်ကို စစ်ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် အတိအလင်းဖော်ပြထားကြောင်း၊ အဖွဲ့ကြီး၏ ရည်ရွယ်ချက်များမှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်နှင့်ဖွံ့ဖြိုးတိုးတက်မှုမြင့်မားစေရန်အတွက်ဟု ဖွင့်ဆိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကိုအခြေခံထားသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏မူများမှာ နိုင်ငံများတန်းတူရည်တူရှိရေး၊ အချုပ်အခြာအာဏာကို လေးစားရေးနှင့်တစ်ဦး၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးဆိုသည့်မူများပါရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅ ခုနှစ်က အဖွဲ့ဝင်နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် စတင်ဖွဲ့စည်းခဲ့ရာမှာ ယခုအခါ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံအထိ ရှိနေပြီဖြစ်ကြောင်း၊ အမှန်ပြောရလျှင် ကမ္ဘာကြီးတွင်ကုလသမဂ္ဂအဖွဲ့ထက် ပိုကြီးကျယ်ပြန့်သည့်၊ လူသားအားလုံးကိုပိုပြီး ကိုယ်စားပြုနိုင်သည့် နိုင်ငံတကာအဖွဲ့အစည်းဟူ၍ မရှိကြောင်း။

### ပိုမိုအရေးပါ

ရာစုနှစ် ထက်ဝက်ကျော်မကရှိသည့် သက်တမ်းကာလအတွင်းတွင် ကုလသမဂ္ဂသည် လူသားများကောင်းကျိုးအတွက် ဆောင်ရွက်ရန် အခွင့်အလမ်းများ ရယူခေါ်ဆောင်ခဲ့သကဲ့သို့ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ကုလသမဂ္ဂ တည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ်နှင့် ယှဉ်ကြည့်လျှင် ယနေ့ကမ္ဘာသည် များစွာကွဲပြားခြားနားမှုရှိပြီး ရှုပ်ထွေးမှုများလည်း ရှိနေကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် နိုင်ငံစုံ ဆက်ဆံရေးတွင် အရေးကြီးသည့် နိုင်ငံတကာ ဆွေးနွေးညှိနှိုင်းရာဌာနကြီးအဖြစ်ဖြင့် ဆက်လက်ရပ်တည်နေမှာဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏အောင်မြင်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းအပေါ် မူတည်ကြောင်း၊ ဤအဖွဲ့ကြီးကို တည်ထောင်ခဲ့စဉ်က နိုင်ငံအသီးသီးတို့အချင်းချင်း အပြန်အလှန်ဆက်ဆံမှုပြုနေသည့် ကမ္ဘာ့အခြေအနေအတွက် မျှော်မှန်းစိတ်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့သည် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်သည့် ကမ္ဘာကြီးတွင် နေထိုင်နေကြပြီဖြစ်ကြောင်း၊ ကမ္ဘာ့နောက်ဆုံးခေတ်ပြောင်းတော်လှန်ရေးက မိမိတို့ကို သတင်းပြန်ကြားရေးနည်းပညာ (အိုင်တီ)ပေးအပ်ခဲ့ကြောင်း၊ အိုင်တီခေတ်ပြောင်းတော်လှန်ရေးကနေ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်မှုဖြစ်စဉ်ကို ဆောင်ကြဉ်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်မှုဖြစ်စဉ်၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အဓိကကျသည့် အခန်းကဏ္ဍကို ပိုမိုအရေးပါ အရာရောက်စေခဲ့ကြောင်း။

မိမိတို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးသည် လူသားအားလုံး၏ မျှော်လင့်ချက်ရောင်ခြည်အဖြစ် ဆက်လက်ကိုယ်စားပြုနေမှာပင်ဖြစ်ကြောင်း၊ ဤခေတ်၊ ဤကာလတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန်ကိစ္စနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရန်ကိစ္စတို့သည် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ယခင်ကထက် ပိုပြီးအရေးပါစေကြောင်း၊ ငြိမ်းချမ်းရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ နှစ်ရပ်အကြား ဆက်စပ်ဆောင်ရွက်ပေးရာတွင် ကုလသမဂ္ဂသည် အဓိကအခန်းကဏ္ဍက ပါဝင်သည်ကို မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ထားကြောင်း၊ လူသားအားလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ရယူထိန်းသိမ်းနိုင်မှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် ငြိမ်းချမ်းရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်မဟုတ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် နေရာဌာနအတော်များများတွင် ပြောကြားခဲ့သကဲ့သို့ "ကျွန်တော်တို့သာ အတူတကွ ပူးပေါင်းလုပ်ကိုင်ကြမယ်ဆိုရင် ကမ္ဘာ့သူကမ္ဘာ့သားများအနေနဲ့ အောင်မြင်မှုရနိုင်စရာတွေ အများကြီးရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း။

### အောင်မြင်အောင် အကောင်အထည်ဖော်

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များသည် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ်တွင် ထားရှိသည့် ယုံကြည်မှုနှင့် ကတိကဝတ်ပြုမှုတို့ကို ထပ်လောင်းအတည်ပြုခြင်းအားဖြင့် ထောင်စုနှစ်သစ်ကို ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ကြကြောင်း၊ ၎င်းတို့ထုတ်ပြန်ခဲ့သည့် ထောင်စုနှစ်ကြေညာစာတမ်းတွင် အဓိကရည်မှန်းချက်များကို ထုတ်ဖော်သတ်မှတ်ခဲ့ကြောင်း၊ ထိုရည်မှန်းချက်များသည် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လက်နက်ဖျက်သိမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အားနည်းသည့် လူသားများအား အကာအကွယ်ပေးရေးနှင့် ကုလသမဂ္ဂအခွန့်ရှည်ရေး စသည်တို့ပါဝင်ကြောင်း၊ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များအနေဖြင့် လူသားတို့၏ အခြေခံလိုအပ်ချက်များအပေါ် မူတည်စဉ်းစားပြီး ကတိကဝတ်များ ပြုခဲ့ကြကြောင်း၊ ဤအခြေခံလိုအပ်ချက်များအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေး၊ သောက်သုံးရေသန့်ရရှိရေးနှင့် ကူးစက်ရောဂါပြန့်ပွားမှု တားဆီးရေးစသည်တို့ဖြစ်ကြောင်း၊ လူသားတို့၏ ဤအခြေခံလိုအပ်ချက်များကို သက္ကရာဇ် ၂၀၁၅ ခုနှစ်တွင် ဖြည့်ဆည်းပေးရန်ရှိကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တိုက်တွန်းခဲ့သလို မိမိတို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြမည်ဆိုလျှင်၊ မိမိတို့အားလုံး ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုပါက ဤထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်ထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူများကို အခိုင်အမာ ထောက်ခံလျက်ရှိကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်နှင့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်ကိစ္စတို့ကို စွမ်းဆောင်နိုင်မည်ဟု မိမိတို့ရိုးသားစွာ ယုံကြည်ကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြန်မာ့နိုင်ငံခြားရေးဝါဒ၏ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ချမှတ်ထားကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းသည် လက်ရှိအချိန်တွင် စစ်အေးကာလနောက်ပိုင်း ဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများနှင့် ရင်ဆိုင် နေရကြောင်း၊ ထိုကဲ့သို့ မတည်ငြိမ်မှုများကို တည်ငြိမ်သော ကမ္ဘာ့အစီအစဉ်သစ်တစ်ရပ်နှင့် အစားထိုးနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂသည် အဓိကကျသော ဆွေးနွေးညှိနှိုင်းရာ ဌာနကြီးအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မိမိတို့ ယုံကြည်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောရမည်ဆိုလျှင် ငြိမ်းချမ်းသာယာဝပြောပြီး ပဋိပက္ခများကင်းစင်ကာ ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးရန်အတွက် မိမိတို့ကမ္ဘာ့သူ ကမ္ဘာ့သားများမှာ စွမ်းဆောင်နိုင်စွမ်းရှိသည်ဆိုသည့်အချက်ကို ဤကုလသမဂ္ဂနေ့တွင် မိမိအနေဖြင့် ထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ပဋိညာဉ်စာတမ်းကို ဆက်လက်လေးစားလိုက်နာကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသူနိုင်ငံသားများ၏ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများက ဆက်လက်ပံ့ပိုးကူညီသွားလိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားသဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ဖတ်ကြားသည်။

ဆက်လက်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန်၏ သဝဏ်လွှာကို ရန်ကုန်မြို့ရှိကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာချားလ်စ်ဂျိမ်းစ်ပေရီက ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကပဒေသာတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

## ● ဖားကန့်မှ

ကျောက်စိမ်းအချောထည်ထုတ်လုပ်ရောင်းချသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ကျောက်စိမ်းအချောထည်ထုတ်လုပ်ရန်အတွက် ကျောက်စိမ်းကုန်ကြမ်းရရှိစေရန် ကျောက်စိမ်းများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် ကျပ်ငွေဖြင့်ဝယ်ယူရရှိသည့် ကျောက်စိမ်းရိုင်းများကို ဖြတ်တောက်ပြုပြင်ပြီး အဆင့်မီသည့် ကျောက်စိမ်းများကို ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချနိုင်ရန်စသည့်ရည်ရွယ်ချက်များဖြင့် ကျပ်ငွေဖြင့် ဈေးပြိုင်ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲကို ဖားကန့်မြို့နယ် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ကျောက်စိမ်းခန်းမ၌ သတ်မှတ်ချက်များနှင့်အညီ ကျင်းပမည်ဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခွင့်ပြုမည်။ ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲသို့ တက် ရောက်ရန်မှတ်ပုံတင်ခြင်း၊ လျှောက်လွှာများထုတ်ယူခြင်းနှင့် အခြားလိုအပ်သည်များကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်စိမ်း ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)မြစ်ကြီးနားမြို့၊ မန္တလေးမြို့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်အသင်း (ရန်ကုန်) ဘုံကထိန်သင်္ကန်းကပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတု(မောင်တောမြို့မဟာကျန်ဆရာတော်)အမှူးပြုသောသံဃာတော်များအား မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက်ဘုံကထိန်သင်္ကန်းကပ်လှူပွဲနှင့်မြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေးကိုနိုဝင်ဘာ ၂ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ အလှူရှင်များ တက်ရောက်ကြရန်အမှုဆောင်အဖွဲ့ကနှိုးဆော်ထားသည်။ **(က–ပ)**

**နိုင်ငံတကာသတင်းများကို သတင်းဓာတ်ပုံ စေစေဆာဆာဖြင့် အပတ်စဉ် သောကြာနေ့တိုင်း တင်ဆက်နေသည့် အမှတ် ၁၃၁၊ ၂၈ လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ် ဖုန်း–၇၀၇၁၈၃၊ ၃၇၃၅၂၂ က ဖြန့်ချိသော ရီပိုတာဂျာနယ် မျက်နှာဖုံး။ (က–ပ)**






## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အသုံးပြုပုံသရုပ်ပြဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၄**

Eastern Myabiz စီးပွားရေးလုပ်ငန်းစုက ကြီးမှူးကျင်းပသော ကိုရီးယားသမ္မတနိုင်ငံ Kyung In Surveying Instrument ကုမ္ပဏီက ဖြန့်ချိသော အင်ဂျင်နီယာလုပ်ငန်းသုံး တိုင်းတာရေးဆိုင်ရာ ပစ္စည်းသစ်များ အသုံးပြုပုံသရုပ်ပြဆွေးနွေးပွဲကိုယမန်နေ့ မွန်းလွဲ ၁ နာရီက ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Kyung In ကုမ္ပဏီ ဥက္ကဋ္ဌ Mr.Park Kaung Sik က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မန်နေဂျာ Mr. Kim Kyu Jong က ဆောက်လုပ်ရေးလုပ်ငန်းသုံး တိုင်းတာရေးဆိုင်ရာ ပစ္စည်းသစ်များ အသုံးပြုပုံကို ပစ္စည်းသစ်များ၊ ပရိုဂျက်တာများဖြင့် လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော ဧည့်ပရိသတ်များက မရှင်းလင်းသည်များကို အသေးစိတ် ဆွေးနွေးမေးမြန်းပြီး သရုပ်ပြပွဲကို ရုပ်သိမ်းလိုက်သည်။ Kyung In ကုမ္ပဏီက ဖြန့်ချိသော ဆောက်လုပ်ရေးလုပ်ငန်းသုံး တိုင်းတာရေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း–၆၆၅၄၂၇၊ ၆၅၁၉၅၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(က–ပ)**

# (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး တက်ညီလက်ညီပူးပေါင်းကြိုးပမ်း ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေး၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှာကြား

ရန်ကုန် အောက်တိုဘာ ၂၄

**(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် ခင်မောင်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ယမန်နှစ်က ကျင်းပပြီးစီးခဲ့သော (၅၈)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခြင်းမှာ ဦးစီးကော်မတီနှင့် ကော်မတီအသီးသီးတို့မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် (၅၉) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကိုလည်း ကော်မတီအားလုံးအနေဖြင့် ပိုမိုစည်ကားစွာ ကျင်းပနိုင်ရန် တက်ညီလက်ညီ ပူးပေါင်း၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်ချက်များကို အစည်းအဝေးတွင် တင်ပြဆွေးနွေးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးတင်စိုးက (၅၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပရေးကြိုတင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်၍ စစ်ရေးပြချီတက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဆိုင်ရာများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**အောက်တိုဘာ ၂၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် ကျပ်ကိုးသိန်းတန်ဖိုးရှိ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ် အုပ်ရေ ၁၀၀ ကို ဗိုလ်မှူးစိန်ဝင်း(အငြိမ်းစား) မိသားစုကလှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က လက်ခံယူစဉ်။**

(ပြန်/ဆက်)

# ညောင်ကန်အေးဆရာတော်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကုဏ္ဍလအား နိုင်ငံတော်က ဆက်ကပ်သော အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်နှင့်စပ်လျဉ်း၍ ဝေယျာဝစ္စအဖွဲ့များနှင့် တပည့်ရဟန်းရှင်လူများက ဒီဇင်ဘာ ၁၄ရက်တွင် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်၍ အကြိုဆွေးနွေးညှိနှိုင်းရန် အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၁နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းမဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကြပါရန် ညောင်ကန်အေးဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**



# နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် ကာဇက်စတန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကာစင်ဇိုမတ်၊ ဇေ၊ တိုကာယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပင်းချားတံတားနှင့် မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် စဉ့်ကိုင်မြို့နယ်ရှိ ပင်းချားတံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်၌ ကမ်းကပ်ခုံနှင့် ရေလယ်တိုင် မြေတူးခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စဉ့်ကိုင်ဘက်ကမ်း ချဉ်းကပ်လမ်းတည်ဆောက်ရေးလုပ်ငန်းနှင့် ပေ၆၀ ကွန်ကရိရက်မသွန်းလောင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ငယ်ဘက်ကမ်းရှိ မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးဦးစိုးမင်းက လိုအပ်သည်များ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်ငယ်ဘက်ကမ်းရှိ မြစ်ငယ်တံတား ရေလယ်တိုင်အမှတ် (၆) ဘိုးပိုင်တိုင် စိုက်ထူနေမှု၊ ချဉ်းကပ်ခုံတံတားဘိုးပိုင်တိုင် စိုက်ထူနေမှုနှင့် ချဉ်းကပ်တံတားတည်ဆောက်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# (၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာနှင့်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၀၃ခုနှစ် (၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

**ဆုများချီးမြှင့်**

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမရရှိသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ဖြိုးပိုင်သော်၊ ဒုတိယရရှိသော ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မခိုင်မာလာညွန့်နှင့် တတိယရရှိသော ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမီမီချိုသန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမရရှိသော ကျောက်တန်းမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မသဇင်သက်စုတင်၊ ဒုတိယရရှိသော ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မခိုင်မြတ်မျိုးထွန်းလင်းနှင့် တတိယရရှိသော လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဇင်မီမီသော်တို့အားလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာချားလ်ပေရီက အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမရရှိသော ကျောက်တန်းမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ဒုတိယတန်းကျောင်းသူ မမေထူးမြတ်မွန်၊ ဒုတိယရရှိသော အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်ဆေယံနှင့် တတိယရရှိသော ကျောက်တန်းမြို့နယ် အရှေ့ အခြေခံပညာမူလတန်းကျောင်းမှ ဒုတိယတန်းကျောင်းသား မောင်ထက်လင်းစံတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆုရလက်ရာများဖြစ်သော စာစီစာကုံး၊ ပိုစတာနှင့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ပိဋကတ်ဗျူဟာအဖွဲ့ ဖုန်း-၃၇၀၉၅၈က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည့် တိဿဘိပဝရာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မလက်တို ဂူကုန်းကျောင်း ပထမဆရာတော်ကြီး အသျှင်တိဿရေးသားပြုစုတော်မူသော ဂူကုန်းဓမ္မပေါင်းချုပ်ကျမ်း စာအုပ်မျက်နှာဖုံး။** (က-ပ)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ကောဒသမနေ့ပြိုင်ပွဲအစီအစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

**ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ကောဒသမနေ့ (၁၁ရက်မြောက်နေ့)ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိသတ်မှတ်နေရာအသီးသီး၌ ယနေ့တွင်စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။**

## တက်ရောက်အားပေး

ယနေ့ကျင်းပသည့် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရာသို့ ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုလေးစားချစ်ခင် မြတ်နိုးကြသည့် ပြည်သူများ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသား ကျောင်းသူများ တစ်ခဲနက် တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

## အဆိုပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကောဒသမနေ့ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မဟာဂီတအဆိုပြိုင်ပွဲ ကျင်းပရာ အဆိုတော် မယ်လုပ်ရေးသားသီကုံးသည့် 'ထွန်းလင်းလျှံလက်'(ပတ်ပျိုး)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်စိုင်းညီမင်း၊ ပဲခူးတိုင်းမှ မောင်စိုးမင်းအောင်(ခ)မောင်အောင်အောင်၊ မန္တလေးတိုင်းမှ မောင်ဝါဆိုချမ်းမြေ့နှင့် မောင်ကျော်စွာလွင်၊ မွန်ပြည်နယ်မှ မောင်အောင်ကိုသက်၊ ရန်ကုန်တိုင်းမှ မောင်စောမင်းနောင်၊ ရခိုင်ပြည်နယ်မှ မောင်ညီညီအောင်၊ ရန်ကုန်တိုင်းမှ မောင်ထွန်းထွန်းလင်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲ၌ ဗျသီးဆယ်ရွာစား ဦးလွမ်းပြေ ရေးစပ်သီကုံးသည့် 'ရွှေနန်းအောင်ချာ' (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မငယ်ငယ်စိုး၊ မကွေးတိုင်းမှ မမေခိုင်လင်း၊ ချင်းပြည်နယ်မှ မဝင်းကေခိုင်(ခ)ချိုသဲ၊ ကချင်ပြည်နယ်မှ မကလျာမိုးမြင့်၊ ရန်ကုန်တိုင်းမှ မမြတ်ဆုကြည်၊ ပဲခူးတိုင်းမှ မချစ်ယု၊ စစ်ကိုင်းတိုင်းမှ မပြည့်ဖြိုးသူ၊ ရန်ကုန်တိုင်းမှ မဖြူစင်သူ(ခ)စံပယ်ဖြူသိန်း၊ တနင်္သာရီတိုင်းမှ မနိုနိုဇော်ဝင်း(ခ)နှင်းအိန္ဒြာမိုး၊ မွန်ပြည်နယ်မှ မအိမွန်သူ၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ မန္တလေးတိုင်းမှ မနွဲ့နွဲ့စန်းနှင့် ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။



**အဆိုပြိုင်ပွဲကို အမျိုးသားပြတိုက်၌ ကျင်းပရာ မဟာဂီတအခြေခံ (၁၀ - ၁၅) နှစ် (အမျိုးသမီး) ချင်းပြည်နယ်မှ မဝင်းကေခိုင်(ခ) ချိုသဲ ပါဝင် ယှဉ်ပြိုင်စဉ်။(က-ပ)**

## အရေးပြိုင်

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲဝင်များ၏ သီချင်းများ ယှဉ်ပြိုင်ခြင်းကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲ၌ 'အမျိုးဂုဏ် ဇာတိဂုဏ်' သီချင်းခေါင်းစဉ်ဖြင့် ရေးစပ်သီကုံး ယှဉ်ပြိုင်ခဲ့ကြသော ကရင်ပြည်နယ်မှ ဦးစောစံအေး (မြိုင်ကြီးငူ)၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်ဝင်းဆွေ၊ မကွေးတိုင်းမှ ဦးဇော်နိုင်ထွန်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ ဧရာဝတီတိုင်းမှ ဦးခင်ဝင်း၊ တနင်္သာရီတိုင်းမှ ဦးတင်ညွန့်၊ ကချင်ပြည်နယ်မှ ဒေါ်မိမိအောင်၊ ကယားပြည်နယ်မှ ဦးမောင်ဝင်း၊ စစ်ကိုင်းတိုင်းမှဦးဇော်လွင်သန်း၊မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်၊ ရန်ကုန် တိုင်းမှ ဦးမင်းရွှေဇင်၊ မန္တလေးတိုင်းမှ ဦးဇော်မင်းနိုင်နှင့် ချင်းပြည်နယ်မှ မောင်ဇော်မင်းလတ်တို့၏ သီချင်းစာသားများကို အနုပညာရှင်များနှင့်တွဲဖက်၍တီးမှုတ် သီဆိုပြိုင်ပွဲဝင်ကြသည်။

## စန္ဒရားအတီးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

စန္ဒရားအတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်စန္ဒရားအတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် စန္ဒရားဦးချစ်ဆွေနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို စတင်ကျင်းပရာ 'ဘုံဆောင်မြင့်'(ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ထက်ကျော်စံ၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုကိုလှနှင့် မန္တလေးတိုင်းမှ မောင်ဘုန်းမိုးယံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'ဇေယျာမြို့' (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်း မအေးချမ်းမိုးသန့်၊ ရန်ကုန်တိုင်းမှ မငြိမ်းဆုသာ၊ ဧရာဝတီတိုင်းမှ မသီရိမြတ်စု၊ ရခိုင်ပြည်နယ်မှ မဆည်းဆာနွယ်၊ ပဲခူးတိုင်းမှ မအေးမှီမှီဦး၊ မန္တလေးတိုင်းမှ မရတနာဉ၊ ရန်ကုန်တိုင်းမှ မနှင်းအေးဝေနှင့် စစ်ကိုင်းတိုင်းမှ မဝင့်ရည်ရွှန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

## နှဲပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နှဲပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် နှဲပြိုင်ပွဲတွင် 'ဘုန်းမိုးသွန်းလောင်း' (သီချင်းခန့်)ဖြင့် ရန်ကုန်တိုင်းမှ ဦးထင်ကျော်ကျော်၊ မန္တလေးတိုင်းမှ ဦးတာနော၊ မကွေးတိုင်းမှ ဦးဉာဏ်ရွှေ၊ ရန်ကုန်တိုင်းမှ တပ်ကြပ်ကြီးထွန်းထွန်းဦး(မြဝတီ)၊ ပဲခူးတိုင်းမှ ဦးခင်ညွန့်၊ ဧရာဝတီတိုင်းမှ ဦးဘိုကြည်၊ ချင်းပြည်နယ်မှ ဦးဝင်းမောင်မောင်စိန်၊ မွန်ပြည်နယ်မှ ဦးသန်းလှ၊ မန္တလေးတိုင်းမှ ဦးစန်းလွင်နှင့် ရခိုင်ပြည်နယ်မှ ကိုမြင့်အောင်တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ် ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် နှဲပြိုင်ပွဲကို ဆက်လက်ကျင်းပရာ'ဝေဇယံနှင့်နှုန်းဩ' (ကြိုး)သီချင်းဖြင့် မကွေးတိုင်းမှ မောင်မင်းဆွေ၊ ရခိုင်ပြည်နယ်မှ မောင်မြတ်ဇော်၊ မန္တလေးတိုင်းမှ မောင်သန့်ဇော်၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်မိုး၊ မန္တလေးတိုင်းမှ မောင်တင်မျိုးလွင်နှင့် ရန်ကုန်တိုင်းမှ စိန်သန်းဇော်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် နှဲပြိုင်ပွဲကို ကျင်းပရာ 'မိုးလုံးပတ်လည်'(ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မျိုးမင်းသန့်၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းမြင့်ခိုင်(ခ)မောင်ခိုင်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မျိုးသက်နှင့် မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်တို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

# မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ မွန်ပြည်နယ်ကိုယ်စားပြု ပုဏ္ဏားပျံ့ရုပ်စုံစင်တော်ကြီးယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲအစီအစဉ်ကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ မွန်ပြည်နယ်ကိုယ်စားပြု ပုဏ္ဏားပျံ့ရုပ်စုံစင်တော်ကြီးအဖွဲ့ ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။ မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်အနုပညာရှင်ကြီးများ၊မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတန်ဖိုးထား လေးစား ကြသော ရွှေပွဲလာပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

မွန်ပြည်နယ်ကိုယ်စားပြု ပုဏ္ဏားပျံ့ရုပ်စုံစင်တော်ကြီးအဖွဲ့သည် ဘုရားအလောင်းတော်မဟာဇနကမင်းကြီး ဖြစ်စဉ်တော်ဘဝတွင် ကောင်းစွာအားထုတ်သော ယောကျ်ားတို့၏ လုံ့လသည် အကျိုးမဲ့ ဖြစ်ဖူးသည်မရှိ၊ ယောကျ်ားတို့၏ လုံ့လကို မလျှော့ဘဲ ကောင်းစွာ လုံ့လပြုသည်ဖြစ်အံ့ ထိုသူသည် အဆွေခင်ပွန်း၊ နတ်၊ ဗြဟ္မာတို့၏အလယ်၌ ကဲ့ရဲ့ပြစ်တင်ခြင်းကိုမခံရ၊ အကယ်၍ လုံ့လကို လျှော့ငြားအံ့ ယောကျ်ားမြတ်ဖြစ်ကျိုး အဘယ်မှာ ရှိတော့အံ့နည်း၊ သေသော်လည်းအပြစ်လွတ်ရအောင် ယောကျ်ားတို့ လုံ့လကို ငါပြုသည်ဟူသည့် ဘုရားအလောင်းတော် မဟာဇနကမင်းသားနှင့် မဏိမေခလာ နတ်သမီးတို့၏ အမေးအဖြေ ဇာတ်ဝင်ခန်းတို့အပါအဝင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ရုပ်သေးကြိုးဆွဲ အနုပညာကို ရသမြောက်စွာ ပါဝင်ယှဉ်ပြိုင်သွားကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာအနုပညာ တန်ဖိုးထားကြပါ

* သရုပ်ပျက်
တွယ်ဖက်နဲ့ အနောက်ဟန်
ရောနှောမခံ။
ကိုယ့်မူ ကိုယ့်ဟန်
ထံတျာတေ စည်းနှင့်ဝါး။
မြန်မာ့ရိုးရာယဉ်ကျေးမှု
နှုရွထူးခြား။
* ဆို၊ ငို၊ ပြော
ညက်ညောသည့် ကဟန်တွေ
ရုပ်သေးစုံပေ။
ခေါင်း၊ ခါး၊ ခြေ
မပျက်စေ လက်ကိုလ။
ဟန်မူရာသွယ်နွဲ့နှောင်း
ငြိမ့်ညောင်းဂီတ။
* မျိုးဆက်သစ်
ချစ်မြတ်နိုး ကိုယ့်ရိုးရာ
တန်ဖိုးထားပါ။
ထိန်းသိမ်းဖို့ရာ
အားလုံးမှာတာဝန်ရှိ။
အမျိုးဂုဏ်တန်ဖိုးထား
မြင့်မားအသိ။ ။

**မောင်ရိုးရှင်း (ရွှေပြည်သာ)**

# ခေတ်မီစက်ချုပ်သင်တန်း တက်ရောက်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၄**

နယူးဖက်ရှင် မသန်မစွမ်း ဒီဇိုင်းပညာရှင် ဦးတင်တိုး (အထက-၆၊ ဗိုလ်တထောင် ကျောင်းသားဟောင်း) ဦးစီး၍ မသန်စွမ်းသူများ ပရဟိတစက်ချုပ်သင်တန်းကျောင်း ဖွင့်လှစ်ရန်အတွက် မသန်စွမ်းသူ အမျိုးသား၊ အမျိုးသမီးများအား အခမဲ့ သင်ကြားပေးမည် ဖြစ်သည်။

ကွန်ပျူတာဖြင့် ခေတ်မီညှပ်နည်းပညာမျိုးစုံ ထုတ်လုပ်သော ဒီဇိုင်းပညာများ သင်ကြားပေးရန်အတွက် မသန်စွမ်းသူများ စုံစမ်းနိုင်ပြီး အခြားသင်တန်းတက်လိုသူများကိုလည်း သင်ကြားပေးမည်ဖြစ်ရာ အမှတ် ၁၁၉၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်၊ နယူးဖက်ရှင် အပ်ချုပ်ဆိုင်၊ ဖုန်း- ၂၂၇၀၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ ➡ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|
| **စဉ်** | **ရက်စွဲ** | **အဆို** | **အတီး/ဇာတ်သဘင်** | **အရေး** | **အတီး** |
| ၁၂ | ၂၅-၁၀-၂၀၀၃<br>**(စနေနေ့)** | **ဓမ္မပူဇာတေး(နံနက်)**<br>(၁) အခြေခံ (၁၅-၂၀) (ကျား)<br>**ခေတ်ဟောင်း/ကာလပေါ်**<br>(၂) ဝါသနာရှင်(မ)<br>ရုပ်စုံမဟာသဘင်အဖွဲ့ | **အိုးစည်**<br>(၁) ဝါသနာရှင်**(နံနက်)**<br>(၂) အခြေခံ (၅-၁၀)**(နေ့လယ်)**<br>**ရုပ်သေးဇာတ်တော်ကြီး(ညပိုင်း)**<br>ဧရာဝတီတိုင်း ရောလှိုင်း | **အရေးသီချင်းပြိုင်ပွဲ**<br>(၁) အခြေခံ (၁၀-၁၅) | **ဆိုင်းအဖွဲ့လိုက်**<br>(၁)ဝါသနာရှင်(မ)**(နံနက်)**<br>(၂) အဆင့်မြင့် (မ) **(နေ့လယ်)**<br>(၃) အခြေခံ (၁၀-၁၅)(မ) **(နေ့လယ်)** |

(ဆက်လက်ဖော်ပြပါမည်။)

# ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့
❖ ခြောက်တိုင်းလည်း မခြောက်နဲ့
❖ ချော့တိုင်းလည်း မပျော့နဲ့

## အာဆီယံ-တရုတ်+ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတက်ရန် ဧည့်သည်များရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Zhang Chunxian ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပထမအကြိမ် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံကုန်းလမ်း၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန် Mr. Yousuke Tsuruho ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ယနေ့ညပိုင်းတွင် ရောက်ရှိလာကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဂျပန်နိုင်ငံသံရုံးတို့မှ သံအမတ်ကြီးနှင့်သံရုံးမှတာဝန်ရှိသူများ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်း၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၃ရက်က အဆိုပါကျောင်းတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံ အလှူရှင် ဒဂုံမြို့သစ်(မြောက်ပိုင်း)အမှတ်(၃၂)ရပ်ကွက် ပြည်လုံးချမ်းသာ စက်ရေတွင်းလုပ်ငန်း ဦးကျော်ငြိမ်း-ဒေါ်ခင်စန်းမိသားစုက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)**

## မြနန္ဒာကမ္ဘောဇကျောင်းတိုက် မဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

တာမွေမြို့နယ် တာမွေလေး ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ မြနန္ဒာကမ္ဘောဇ ကျောင်းတိုက် အတွင်း၌ ပုရိမဝါကပ်တော်မူကြကုန်သော ဘဒ္ဒန္တ တိက္ခဉာဏ အမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့က စုပေါင်းမဟာဘုံကထိန် လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် ကျင်းပမည် ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော တပည့် ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များ ဖုန်း-၀၉၈၀-၂၀၅၆၁၊ ၅၄၃၃၄၅၊ ၅၅၉၆၁၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## မအူကုန်းဓမ္မာရုံ စုပေါင်းဘုံကထိန်

**ရန်ကုန် အောက်တိုဘာ ၂၄**

တာမွေမြို့နယ် မအူကုန်း ရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၁၄)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပုရိမဝါကပ်တော်မူကြကုန်သော ပုသိမ်ညွန့်ရပ်ကွက် ဘယသုဒ္ဒိ သီရိဇေယျာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးဂန္ဓမာ သီရိအမှူးပြုသော ပင့်သံဃာ ၁၀ ပါးတို့အားပင့်ဖိတ်၍ ကထိန်လျာဉတ် သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းအစုစုတို့ လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်မည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အမှတ် ၄၃၊ ၁၃၈ လမ်း၊ မအူကုန်းဓမ္မာရုံ အမှုဆောင်အဖွဲ့သို့ဆက်သွယ်နိုင်သည်။ **(က-ပ)**

## ရွှေမြယာဖလားလူငယ်ဖိတ်ခေါ်ဟော်ကီပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် ငပလီအထွေထွေ လုပ်ငန်းစုလီမိတက်တို့ ပူးပေါင်းကျင်းပသော ရွှေမြယာဖလား အမျိုးသား၊ အမျိုးသမီး လူငယ်ဖိတ်ခေါ် ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများက သတ်မှတ်ထားသည့် နေရာ၌ နေရာယူထားကြပြီး ပြိုင်ပွဲဝင် အားကစား မောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြကာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ အမှတ်(၂) စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရွှေမြယာဖလား အမျိုးသား၊ အမျိုးသမီး လူငယ်ဖိတ်ခေါ်ဟော်ကီပြိုင်ပွဲ ကျင်းပရေးအတွက် ငပလီအထွေထွေ လုပ်ငန်းစုလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်နိုင်က ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ Moving Co., Ltd. မှမန်နေဂျင်းဒါရိုက်တာ ဦးလှရွှေက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဟော်ကီအားကစား ဂိုးသမားဝတ်စုံတစ်စုံကိုလည်းကောင်း လှူဒါန်းကြရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က ဟော်ကီဘောလုံးကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲအဖြစ် တပ်မတော် မှတ်တမ်းရုံး(က) အသင်းနှင့်မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် အမျိုးသားအကြီးတန်း ၁၀ သင်းနှင့် အမျိုးသမီးလေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဘိန်းဖြူနှင့်ဘိန်းစိမ်း ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၄**

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဟိုပင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်တွင် သတင်းအရ ဟိုပင်မြို့ ရပ်ကွက်(၁၀) တကွင်းကျေးရွာနေ မအေး၏နေအိမ်ကို ဝင်ရောက် ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ဆပ်ပြာခွက်ရှစ်ခွက်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၁၁၉ ကီလိုနှင့် ကျောပိုးအိတ်အတွင်းမှ ဆပ်ပြာခွက်ကိုးခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၀ ဒသမ ၀၉၆ ကီလို စုစုပေါင်းဘိန်းဖြူ ၀ဒသမ ၂၁၅ ကီလိုဖမ်းဆီးရမိခဲ့ပြီး ပစ္စည်းပိုင်ရှင် တစ်ရွာတည်းနေ မရှမ်းပု(ခ)မအေးဟွမ်အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် မုံရွာ မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက်တွင် မုံရွာမှ ဟုမ္မလင်းသို့ ထွက်ခွာမည့် အမြန်ရေယာဉ် ဆိပ်၌ သန်းလှိုင်နှင့် မမူအောင်တို့ပိုင် ကြက်ဥသေတ္တာနှစ်လုံးကို စစ်ဆေးရှာဖွေရာ ကြွပ်ကြွပ်အိတ်များဖြင့် ထည့်ထားသော ဘိန်းစိမ်းသုံးထုပ် စုစုပေါင်း အလေးချိန် ၁၀ဒသမ ၇၇ကီလို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် တရားခံများအား သက်ဆိုင်ရာ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လေအေးစက်၊ ရေခဲသေတ္တာပြုပြင်မှုသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

လေအေးပေးစက်နှင့် ရေခဲသေတ္တာ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ တပ်ဆင်ခြင်းသင်တန်းကို Today Engineering Service မှ ဝါရင့်ကျွမ်းကျင် ပညာရှင်များကိုယ်တိုင် စာတွေ့နှင့် လက်တွေ့ ပြုပြင်နိုင်သည်အထိ စုံလင်စွာဖြင့် စနစ်တကျသင်ကြားပေးလျက်ရှိရာ ၎င်းသင်တန်းကို လစဉ်၊ လဆန်းတိုင်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လဖြစ်ပြီး နယ်မှတက်လိုသူများအတွက် ဘော်ဒါဆောင် စီစဉ်ပေးထားသည်။

ထို့အပြင် Air-Con Refrigerator, Freezer, Cold-Storage, Chiller, Iceplants & Washine Machine ပြုပြင်မှုကို အကောင်းဆုံး ဝန်ဆောင်ပေးလျက်ရှိရာ အမှတ် ၅၈၊ မြေညီထပ်၊ ၇ လမ်း၊ လမ်းမတော် မြို့နယ်၊ ဖုန်း-၂၂၀၁၅၂ နှင့် ၂၅၆၄၂၂ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## အင်္ဂလန်ပရီးမီးယားရှစ်ပွဲစဉ်(၁၀)

အင်္ဂလန်ပရီးမီးယားရှစ်ပြိုင်ပွဲတွင် ပွဲစဉ်(၉)ကစားပြီးသည့်နောက် အာဆင်နယ်(၂၃)မှတ်ဖြင့် ထိပ်ဆုံးနေရာရောက်နေပြီး ချန်ပီယံမန်ယူ(၂၂)မှတ်၊ ချယ်လ်ဆီး အမှတ်(၂၀)ရနေသည်။ ပွဲစဉ်(၁၀)ကို အောက်တိုဘာ ၂၅ ရက်၊ ၂၆ ရက်တို့တွင် ဆက်လက်ပြုလုပ်မည်။

**(၂)မန်ယူနှင့်ဖူဟမ်(၆)**

ယမန်နှစ်က မန်ယူက ဖူဟမ်ကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့ရာ ယခုပွဲလည်း မန်ယူနိုင်ခြေရှိသည်။

**(၃)ချယ်လ်ဆီးနှင့်မန်စီတီ(၅)**

ယမန်နှစ်ပြိုင်ပွဲတွင် ချယ်လ်ဆီးက မန်စီတီကို ငါးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း ယခုပွဲ ချယ်လ်ဆီးအနိုင်ရရန် ခက်နေသည်။ မန်စီတီ ခြေကောင်းနေသည်။

**(၁၀)နယူးကာဆယ်နှင့်ပို့စ်မောက်(၉)**

ပွဲကောင်းဖြစ်နိုင်ကာ သရေကျနိုင်သကဲ့သို့ နယူးကာဆယ် နိုင်ရန်လည်း နီးစပ်နေသည်။

**(၁၆)ဘော်လတန်နှင့်ဘာမင်ဂမ်(၄)**

ယမန်နှစ်ပြိုင်ပွဲတွင် ဘော်လတန်က လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ခဲ့ရာ ယခုအခါ ဘာမင်ဂမ် ခြေပိုကောင်းနေသဖြင့် သရေပွဲသို့မဟုတ် ဘာမင်ဂမ် နိုင်ခြေရှိသည်။

**(၈)ဆောက်သမ်တန်နှင့်ဘလက်ဘန်း(၁၅)**

ယမန်နှစ်ပြိုင်ပွဲတွင် တစ်ဂိုးစီသရေကျခဲ့ပြီး ယခုပွဲ ဆောက်သမ်တန် နိုင်ခြေရှိသည်။

**(၁၁)လီဗာပူးနှင့်လီဒ်စ်(၁၇)**

ယမန်နှစ်ပြိုင်ပွဲတွင် လီဗာပူးက လီဒ်စ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သကဲ့သို့ ယခုပွဲလည်း လီဗာပူး နိုင်ခြေရှိသည်။

**(၁၄)ဗီလာနှင့်အဲဗာတန်(၁၃)**

ယမန်နှစ်ပြိုင်ပွဲတွင် အက်စတန်ဗီလာက အဲဗာတန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲလည်း ဗီလာနိုင်ခြေရှိသည်။

**(၁၉)ဝုလ်ဖ်စ်နှင့်လက်စတာ(၂၀)**

ယခုပွဲ သရေကျရန် နီးစပ်နေသည်။

**အီတလီပြိုင်ပွဲ**

အီတလီစီးရီးအေပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ပွဲစဉ်(၇)အဖြစ် ဗီယင်နာနှင့် လေဇီယို ကစားရပြီး အမ်ပိုလီနှင့်ခီယေဗိုတို့လည်း ကစားရမည်။ **(က-ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၃ ခုနှစ် အောက်တိုဘာလအတွက်**

**နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**(၂၆-၁၀-၂၀၀၃) ရက်နေ့**

## အိန္ဒိယဇာတ်ကားသစ် Bagavathi ရုံဝင်လာ ပြသဆဲမြန်မာဇာတ်ကားများဆက်လက်ပြသ

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ အိန္ဒိယဇာတ်ကားသစ် **Bagavathi**မြို့မ အဆင့်မြင့်ရုံတွင် ရုံဝင်လာသည်။

**Bagavathi** ဇာတ်ကားတွင် ဒါရိုက်တာ A Venkatesh ရိုက်ကူးပြီး မင်းသားချော Vijay၊ မင်းသမီးချော Reema Sen တို့ ပါဝင်သရုပ်ဆောင်ထားသည်။

သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **အမုန်းပြိုင်ပွဲ** ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

### ရုပ်ရှင်သတင်းထောက်

နေပြည်တော်၊ ရွှေဆောင်နှင့် နဝဒေးရုံများတွင် လွန်းထားထား၏ဝတ္ထုကို ဒါရိုက်တာကိုဇော်(အရဏ်ဦး)ရိုက်ကူးပြီး ဒွေး၊ နန္ဒာလှိုင်တို့ခေါင်းဆောင် ပါဝင်သော **ကမ်းလွန်ပင်လယ်ပြင်ကိုဇဟိုပြု၍** ဇာတ်ကား ရုံဝင်လာသည်။

စနိုးပိုက် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူးပြီး ဒွေး၊ နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦးတို့ပါဝင်သရုပ်ဆောင်ထားသည့် **ဒါပဲနော်** ဇာတ်ကား ဝဇီရာရုံတွင် ဒုတိယအကြိမ် ရုံဝင်လာသည်။

ဘုရင်ရုံတွင် ရှုရှတ်ခန်နှင့် ရာနီမူကာဂျီတို့ ခေါင်းဆောင်ပါဝင်သော **Chalate Chalate** ဇာတ်ကား ဆက်လက်ပြသနေသည်။ ရွှေဂုန်အဆင့်မြင့်ရုံတွင် DVDဇာတ်ကားဖြစ်သောလူမင်းခေါင်းဆောင်ပါဝင်သည့် **ကန်ကြမယ်ဟေ့ ကောင်းကောင်း** ဇာတ်ကားရုံဝင်လာသည်။



## အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျ မှန်ကန်စွာ ပြောဆို၊ ရေးသား တတ်မြောက်စေရန် ရည်ရွယ်၍ တက္ကသိုလ်ဝင်တန်းနှင့်တက္ကသိုလ်ဝင်တန်းအောင်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ နှင့် ဘွဲ့ရများအတွက် YES Language Centre က လစဉ် ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E) သင်တန်းများကို အောက်တိုဘာ ၂၆၊၂၇ နှင့် နိုဝင်ဘာ ၁၅၊၁၇၊ ၂၂၊ ၂၄ နှင့် ၂၉ ရက် များတွင်လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို အောက်တိုဘာ ၂၇ ရက်နှင့် နိုဝင်ဘာ ၁၇ ရက်တွင်လည်းကောင်း၊ Grammar Foundation Course (G.F.C) သင်တန်းများကို နိုဝင်ဘာ ၁၅ နှင့် ၂၄ ရက်တွင်လည်းကောင်း Vocabulary Enrichment Course (V.E.C) သင်တန်းကိုလည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပြီး ဆရာဦးမြင့်အောင်ကိုယ်တိုင် သင်ကြားသော TOEFLနှင့် IELTS သင်တန်းများကိုအောက်တိုဘာ၂၆ ရက်နှင့် SAT I,Academic Writing Course (A.W.C)နှင့် AE/SAT II သင်တန်းများကို နိုဝင်ဘာ ၄ရက်နှင့် ၁၇ရက်များတွင် ဖွင့်လှစ်မည်ဖြစ်ရာ အမှတ် ၁၁၉၊ Y.W.CA အဆောက်အအုံ (ပထမ)ထပ်၊ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း- ၂၄၅၈၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**အောက်တိုဘာ ၁၈ရက်က မြင်းခြံမြို့ သာယာလှပရေးအတွက် မြို့၏ လမ်းဆုံလမ်းခွများတွင် နေရောင်ခြည်သုံး ဆိုလာမီးအလှပန်းဆိုင်းများကို မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ တပ်ဆင်နေစဉ်။ (က-ပ)**



### ထစ်ချုန်းရွာနိုင်

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

### မင်္ဂလာဧည့်ခံပွဲဖျက်သိမ်းကြောင်းကြေညာခြင်း

ဗိုလ်ဝေမောင်ဦးနှင့် မယဉ်မိုမိုသိမ့်တို့၏ ၂၅-၁၀-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁:၃၀ နာရီအထိ ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပပြုလုပ်မည့် မင်္ဂလာဧည့်ခံပွဲအား နှစ်ဖက်သောမိဘများနှင့် ကာယကံရှင်နှစ်ဦးတို့၏ သဘောဆန္ဒအရ ဖျက်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**နှစ်ဖက်သောမိဘများ။**

# ညောင်ဦးမြင်ကြီးထွား ပုဂံသား

**မိုးထက်မြင့်**
( မြစ်ဝကျွန်းပေါ် )

**ညောင်ဦးမြင်ကြီးထွား ပုဂံသားတို့**
**ဘုရားပုထိုး၊ လိုဏ်ဂူမိုးလျက်**
**တတ်မျိုးစုံစွာ၊ ထုပိကာဖြင့်**
**လက်ရာဆန်းကြယ် ဆောက်ကြ၏။**

စာရေးသူတို့သည် ပုဂံယဉ်ကျေးမှုဒေသရှိ မြတ်စွယ်တော်လေးဆူကို ကြည်ညိုခဲ့သည်။ သာသနာ့ ဒါယကာ အရိမဒ္ဒနပူရ(ပုဂံ)ပြည့်ရှင် သီရိအနိရုဒ္ဓဒေဝဝိဇယရာဇာဘွဲ့ခံ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် စွယ်တော်များကို ဖူးမြော်စဉ် အနော်ရထာမင်းကြီးအကြောင်းကိုလည်း လေ့လာမိခဲ့သည်။ အနော်ရထာမင်းနှင့် ပတ်သက်၍ မှန်နန်းမဟာရာဇဝင်တော်ကြီး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

**"သက္ကရာဇ် သုံးရာခုနစ်ဆယ့်ကိုးခု သရဝဏ်နှစ်၊ ပြာသိုလပြည့်ကျော် ရှစ်ရက်၊ တနင်္လာနေ့၊ အနော်ရထာမင်းစော မင်းဖြစ်တော်မူလျှင် မင်းသား၊ မိဖုရား၊ မှူးမတ်၊ ကလန်၊ သံပျင်တို့နှင့် ပြည်သူပြည်သားတို့ကို တရားသဖြင့် စိုးအုပ်စီရင်တော်မူသည်"**
ဟုဆိုသောစကားကို ထောက်၍ သိရာသည်။

**အနော်ရထာမင်းစောလည်း နောင်တော်ကို လုပ်ကြံမိသည်ဟူ၍ ခြောက်လတိုင်တိုင် စက်တော်မခေါ်တတ်ရှိ၏။ ထိုအခါ သိကြားမင်းလာ၍ ဤသို့ အိပ်မက်ပေး၏။ "မင်းကြီးသည် နောင်တော်ကြီးအား ပြစ်မှားမိသော မကောင်းမှုမှ ခေါင်းပါးစေလိုသော် ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ကို များစွာပြု၍ နောင်တော်အား အမျှပေးဝေ၊ ထိုမှတစ်ပါးလည်း ရေတွင်း၊ ရေကန်၊ ဆည်မြောင်း၊ လယ်ချောင်းတို့ကို များစွာစီရင်၍ နောင်တော်အား အမျှပေးဝေ ရာသည်"**
ဟူ၍ အိပ်မက်ပေးလေ၏။

**အရဟံ–ဘဂဝါ–သိဒ္ဓိ။ ဇိန–သာသနံ–စိရံ–တိဋ္ဌတု။ အနော်ရထာ မင်းကြီး၏ သစ္စာဓိဋ္ဌာန်၊ ငါတည်ထားကိုးကွယ်တော်မူအပ်သော စွယ်တော်မြတ်လေးဆူကို အကြင်သူသည် နောက်နေ့မကူး နေ့ချင်းဖူး၏။ လူ့သည့်ကုသိုလ် မပိုတူ၏။ တောင်းဆိုစကား မမှားတူ၏။ သီလငါးချက် မပျက်လုံ၏။ ထိုသည့်သူအား မကြာချက်ချင်း လက်ငင်းကောင်းကျိုး ထူးစေသတည်း။**

အမိန့်တော်ကို ခံယူလျက် စွယ်တော်ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်၊ ဆံတော် စသော ဓာတ်တော်မွေတော်အပေါင်းတို့ ထည့်သွင်းဌာပနာလျက် သက္ကရာဇ် ၄၂၁ခုနှစ်တွင် ရွှေစည်းခုံစေတီတော်ကြီးအား တည်ထားခဲ့သည်။ ကျန်စစ်မင်းကြီးသည် ခမည်းတော်၏ အရိုက်အရာကို ခံယူပြီး မူလစေတီတော်ကိုငုံ၍ စေတီတော်ကြီး ထပ်မံတည်ထားခဲ့ရာ သက္ကရာဇ် ၄၅၁ခုနှစ်တွင် စတင်၍ သက္ကရာဇ် ၄၅၂ခုနှစ်တွင် အပြီးတိုင်ခဲ့သည်။

စာရေးသူတို့သည် ရွှေစည်းခုံစေတီတော်ကြီးအား ဖူးမြော်ပြီး ပုဂံမြို့ဟောင်းအတွင်းသို့ ကားလေးဖြင့် မောင်းနှင်လာခဲ့သည်။ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ မဟာရာဇသီရိ အနုရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ကို ပြန်လည်တည် ဆောက်ရန် ရတနာရွှေပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ၂–၉–၂၀၀၃ရက် နံနက်ရနာရီခွဲတွင် ပုဂံမြို့ဟောင်းအတွင်း ရွှေနန်းတော်တည်ဆောက်မည့် မင်္ဂလာမြေနေရာ၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ချီးမြှင့်ခဲ့သည်။ ရွှေနန်းတော် တည်ဆောက်ရာတွင် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ မြန်မာတို့၏ ရှေးထုံးအစဉ်အလာများနှင့် ညီညွတ်စေရမည့်အပြင် ပုဂံယဉ်ကျေးမှု မြန်မာ့ အနုပညာလက်ရာ စစ်စစ်များဖြင့် စနစ်တကျ ထည့်သွင်း တည်ဆောက်သွားရန် ဝန်ကြီးချုပ်က မှာကြားခဲ့သည်။

စာရေးသူတို့ ကားလေးကို ဇက်ပေါ်မောင်းတင်ပြီး ပုဂံဇက်ဆိပ်မှ တန့်ကြည့်တောင်ဘက်သို့ ခရီးဆက်ခဲ့သည်။ ပုဂံခေတ်သည် ဗုဒ္ဓဘာသာ သာသနာတော် အလင်းရောင် ထွန်းလင်းပြောင်သော ကာလဖြစ်သည်။ ပုဂံခေတ်အမျိုးသမီးများပင် စာပေကျမ်းဂန်တတ်မြောက်ကြောင်း သိရှိရသည်။

အနော်ရထာမင်းကြီး၏ ဆင်ဖြူရတနာ ဒုတိယအကြိမ် ရပ်တန့်သောတောင်၊ စွယ်တော်မြတ်ကို ဒုတိယအကြိမ် ဌာပနာ၍ စေတီတည်ခဲ့သော စွယ်တော်မြတ်

**ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုစည်းထိန်းသိမ်းပြသထားသည့် ပုဂံမြို့ ရှေးဟောင်းယဉ်ကျေးမှု ပြတိုက်ကြီး။**



တစ်ခေတ်တွင် တစ်ယောက်ထွန်းတောက်ခဲ့သည့် အနော်ရထာ(ခရစ်နှစ် ၁၀၄၄–၁၀၇၇) လက်ထက်တွင် ပြည်သူများနိုးကြားလျက် နိုင်ငံတော်သွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။ မြန်မာတို့သည် ရှေးယခင်ကာလများကပင် ပြိုင်ဘက်ကင်း စစ်သည်တော်များဖြစ်ကြောင်း၊ မြင်းစီးကောင်းများဖြစ်ကြောင်း တွေ့ရှိရသည်။ အနော်ရထာမင်းကြီးသည် မြန်မာ့စစ်သည်တော်များကို စနစ်တကျ စုရုံးကာ တည်တံ့ခိုင်မြဲပြီး စည်းကမ်းရှိသော မြန်မာ့တပ်မတော်ကြီးကို တည်ထောင်ခဲ့သည်။

စွယ်တော်လေးဆူမှာ ပထမ ရွှေစည်းခုံစေတီ၊ ဒုတိယ တန့်ကြည့်တောင် စေတီ၊ တတိယ လောကနန္ဒာစေတီ၊ စတုတ္ထ တုရင်တောင်စေတီတို့ဖြစ်သည်။ သမိုင်းမှတ်တမ်းများအရ အရိမဒ္ဒနပူရမည်သော ပုဂံပြည့်ရှင် သီရိအနုရုဒ္ဓဒေဝခေါ် အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ်၏ စံပွယ်တော်မူရာ တောင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် သက်တော် ၇၀၊ ဝါတော် ၃၅ဝါတွင် အရှင်အာနန္ဒာမထေရ်မြတ်ကို မိန့်ဟ ခေါ်ဆို၍ ဒေသစာရီကြွတော်မူသောတောင်၊ ပုဂံနေပြည်တော်ကြီးအား ဗျာဒိတ်ပေးခဲ့သောတောင်ဟု အဓိကရတောင်တော် စေတီတော်ပင်ဖြစ်သည်။ ၎င်းအပြင် သီရိဓမ္မာသောကမင်းကြီးသည်လည်း အဆိုပါတောင်ထိပ်တွင် ညောင်တော်အမြင့်သံတောင် ငါးတောင်၊ ထီးငါးဆင့်ရှိသော စေတီတော်တစ်ဆူ တည်ခဲ့သည်။

မြန်မာသက္ကရာဇ် ၃၇၉ ခု သရဝဏ်နှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့တွင် အရိမဒ္ဒနပေါက္ကံရာမပြည်ကို အစိုးရသော အနော်ရထာမင်းကြီးသည် သက္ကရာဇ် ၃၉၆ ခုတွင် ရှင်အရဟံမထေရ်မြတ်၏ တိုက်တွန်းနိုးဆော်ချက်အရ သီဟိုဠ်မင်းထံမှရသော စွယ်တော်မြတ်ကို ရတနာဆင်ဖြူထက်တွင် တင်၍ အဓိဋ္ဌာန်ပြုလွှတ်လေရာ ဆင်ဖြူတော်သည် နန်းတော်သို့ သုံးပတ်လှည့်၍ ဧရာဝတီမြစ်သို့ ကူးလေသော် တန့်ကြည့်ရွာထိပ်တောင်ပူဆာတွင် ပုဆစ်တစ်ဖက်တုပ်၍ ဆင်ဖြူတော်အော်နေသဖြင့် ရှင်အရဟံမထေရ်မြတ်ကို မေးလျှောက်ကြပြီး ဤအရပ်တွင် 'ရှစ်မျက်နှာသက်တော်ရှည်' ဘွဲ့မည်ပေးကာ လိုဏ်မုခ်နှင့် ဘုရားတည်ခဲ့ခြင်း ဖြစ်သည်။

**ရှေးဖျား ပုဂံပြည်မှာဖြင့်**
**မြန်မာတစ်တွေမှာ ရတနာရွှေငွေအပေါင်းငဲ့ပြင်**
**မင်းကောင်းနော်ရထာတဲ့**
**မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်**
**ညောင်သစ်ကာ တစ်ရှင်ရှင်နဲ့**
**ဘဝင်မှာ အမြင့်မှန်းကာပ**
**တမ်းတ၍ ကြည်ညိုပါ။ ။**

ဆိုကြသည်။ သီဟိုဠ်မှ ပင့်ဆောင်လာသော စွယ်တော်မြတ်ကို အနော်ရထာမင်းကြီးကိုယ်တိုင်ရေထဲသို့ လည်ပင်းတိုင်ဆင်း၍ ရွက်ယူပူဇော်သော အဓိကရ နေရာလည်းဖြစ်သည်။ ဂေါတမဘုရားရှင်၏ အံတော်၊ ဓာတ်တော်ကို ဌာပနာ၍ စေတီတည်ထားခဲ့သည်။

**ကြမ္မာနတ်မျိုး၊ ဆော်ပင့်နိုးသို့**
**ပုထိုးရွှေစင်၊ စည်းခုံပြင်ဝယ်**
**ရှင်အရဟံ၊ သင်းခြွေရုံနှင့်**
**ပန်ထွာကြိုရ၊ ရှင်ကြည်လှ၍**
**ဘဝဤနယ်၊ ကျွတ်ဆုရွယ်သည်**
**မယ်တို့ပုဂံပြည်မှာသော်။**

ဆင်ဖြူတော်သည် တုရင်တောင်ထိပ်၌ ဝပ်တော်မူ၏။ စွယ်တော်မြတ်ကို တုရင်တောင်ထိပ်၌ ဌာပနာ၍ (သက္ကရာဇ် ၄၂၁ခုနှစ်၌ စေတီတစ်ဆူ တည်တော်မူပြန်၏) ယင်းစေတီကို တုပ်ဝပ်တောင်ဟု တွင်စေ၏။ ဤတုပ်ဝပ်တောင်ကား အခြားတောင်များထက် ထူးမြတ်သောတောင်ဖြစ်သည်။ ဘုရားအလောင်းနစဉ်ကာလ ဆဒ္ဒန်ဆင်မင်းဘဝ

**အနော်ရထာမင်းကြီး၏ နန်းတော်ရာ နေရာတွင် ရှေးမူမပျက် ပြန်လည်တည်ဆောက်မည့် ပုဂံရွှေနန်းတော်ပုံစံကို တွေ့ရစဉ်။**



မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံနန်းမြင့်မျှော်စင် ရတနာရွှေပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ဇူလိုင်လ ၂၇ ရက် နံနက် ၈နာရီခွဲတွင် အဆိုပါ အဆောက်အအုံ တည်ဆောက်မည့် မြေနေရာ၌ ကျင်းပခဲ့သည်။

စာရေးသူတို့သည် ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်းခွင်နေရာသို့လည်း ရောက်ရှိလေ့လာခဲ့သည်။ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ် ပုဂံနန်းမြင့်မျှော်စင်မှာ အောက်ခြေ ၁၃၈ ပေကျယ်ပြီး အမြင့် ၁၉၈ ပေရှိမည်ဟု သိရသည်။ နန်းမြင့်မျှော်စင်၌ ညီလာခံခန်းမ၊ အစည်းအဝေးခန်းမ၊ ရုံးခန်း၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်နှင့်ရှုမျှော်ခင်းကြည့်ရန် နေရာများပါရှိမည်ဖြစ်သည်။ ပုဂံနန်းမြင့်မျှော်စင်ကြီးကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ခံ့ညားထည်ဝါသည့်အပြင် မြင်ကွင်း၌ ရှေးဟောင်း ပုဂံယဉ်ကျေးမှု အငွေ့အသက်ကို ရှုမြင်ခံစားစေရအောင် တည်ဆောက်သွားမည်ဟု သိရသည်။

စာရေးသူတို့သည် ပုဂံယဉ်ကျေးမှုနယ်မြေ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်မှ ဧရာဝတီမြစ်ဆိပ် ပိုးကုန်သည်လမ်းကြောင်းကိုလည်း သွားရောက်ခဲ့သည်။ လောကနန္ဒာ စွယ်တော်မြတ်စေတီကို ဖူးမြော်ရသည်။ မြတ်စွယ်တော်ကိန်းဝပ်ရာ တတိယမြောက် စေတီတော် ဖြစ်သည်။ ခရစ်နှစ် ၁၀၅၉ ခုတွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ သီရိပစ္စယာရွာ၏ အနောက်ဘက် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိပြီး အနော်ရထာမင်းကြီး ကောင်းမှုတော်များထဲတွင် အထူးခြားဆုံး စေတီဟု ခေါ်ဆိုနိုင်သည်။ ပုဂံခေတ်က သင်္ဘောဆိပ်မြို့ဟုလည်း

တစ်ကြိမ်၊ ခြင်္သေ့မင်းဘဝ တစ်ကြိမ်၊ သိန်းငှက်ဘဝတစ်ကြိမ် ဤသို့ သုံးကြိမ်တိုင်တိုင် ကျင်လည်ကျက်စားရာ ဖြစ်ခဲ့ဖူးသဖြင့် ယခု စွယ်တော်မြတ်တင်သော ဆင်ဖြူတော်သည်လည်း ဤတောင်ထိပ်သို့တက်၍ ပုဆစ်တုပ်ဝပ်တော်မူ၏။ ထိုကဲ့သို့ တောင်ထိပ်တွင် ဆင်ဖြူတော်သည် ပုဆစ်တုပ်၍ ဝပ်ခြင်းကို အကြောင်းပြုပြီး တုပ်ဝပ်တောင်ဟု ခေါ်ကြခြင်း ဖြစ်သည်။

ပုဂံသာသနာ၊ ပုဂံအနုပညာနှင့်ပုဂံသားတို့အားမာန်ကို ဖော်ကျူးသောတောင်နှင့် စွယ်တော်ရှင်မြတ် ကိန်းဝပ်စံတော်မူရာ စတုတ္ထမြောက်စေတီတော်ပင် ဖြစ်သည်။ ပုဂံနယ်နိမိတ် အဝင်ကတည်းက ထင်ရှားစွာ မြင်တွေ့နိုင်သည်။

ထိုမှတစ်ဆင့် ပခုက္ကူသို့သွားရန် အစီအစဉ်ရှိသဖြင့် ပုဂံဆိပ်ကမ်းမှတစ်ဆင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် မင်းရဲနှစ်ထပ်ရေယာဉ်ဖြင့် ခရီးနှင်ခဲ့ကြသည်။ ထိုရေယာဉ်ကြီးမှာ လှပခံ့ညားခိုင်ခံ့၍ သန့်ရှင်းသည်။ ခေတ်မီသည်။ စီးနင်းလိုက်ပါသည့် ခရီးသည်များလည်း သက်သောင့်သက်သာဖြင့် လိုရာခရီးသို့ အမြန်ရောက်ရှိနိုင်ကြပြီဖြစ်သည်။

စာရေးသူသည် မြန်မာပြည် တစ်နံတစ်လျား ခရီးသွားခဲ့ရာတွင် ညောင်ဦးမြင်ကြီးထွား ပုဂံသားတို့၏ စိတ်ဓာတ်အမွေကို ဆက်ခံနေသော မျက်မှောက်ခေတ် မြန်မာတို့၏ ကိုယ့်ခွန်ကိုယ့်အား စွမ်းပကားဖြင့် အားထုတ်ကြိုးပမ်း တည်ဆောက်ထားသည့် ယဉ်ကျေးမှု အဆောက်အအုံများ၊ တံတားကြီးများ၊ ဆည်တမံကြီးများ၊ မီးရထား ဥမင်လိုဏ်ခေါင်းကြီးများ စသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရတိုင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ဖြိုးမောက် ပြည့်လျှံ၍ မျိုးချစ်စိတ်တဖွားဖွား ဖြစ်ပေါ်ခဲ့ရပေသည်။ ။

## ဘုံကထိန်ကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၌ ဘဒ္ဒန္တသုဇာတ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)နှင့် သံဃာတော် ၁၀၃ ပါး၊ ပင့်သံဃာတော်အပါး ၁၀၀ကျော်အား နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီမှစ၍ မဟာဘုံကထိန် သင်္ကန်းလှူဒါန်းမည်ဖြစ်ရာဖုန်း–၆၁၀၀၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**




**ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပထမထပ်(ယာ)၊၃၈လမ်း (ထက်)၊ ရန်ကုန်မြို့၊ ဖုန်း–၇၂၂၀၅၃ က ဖြန့်ချိသည့် ကောင်းသန့်၏ မြန်မာပုဂံ စာအုပ်မျက်နှာဖုံး။**
**(က–ပ)**

# အာဆီယံအဖွဲ့ကြီးနှင့်တရုတ်နိုင်ငံ၊အိန္ဒိယနိုင်ငံတို့ပေါင်းစည်းမိခြင်းအားဖြင့် ကျယ်ဝန်းသောစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဒေသကြီးဖြစ်ထွန်းလာ ထိပ်သီးညီလာခံ၏သဘောတူညီချက်များအကောင်အထည်ပေါ်ရေး တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၄

**အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီ(၂/၂၀၀၃) အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိ ဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ အာဆီယံအဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကာဇက်စတန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင်ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ကာဇက်စတန်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာအီမန်ဂါလီ တာစ်မာဂါမ်ဘီတော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**





## သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ နိုင်ငံနှင့်လူမျိုးအတွက် စာပေဖြင့် စွမ်းဆောင်အကျိုးပြုခဲ့ကြသော အသက်(၈၀)နှင့်အထက် စာရေးဆရာကြီး၊ ဆရာမကြီးများနှင့် သတင်းစာဆရာကြီးများအား နိုဝင်ဘာလနောက်ဆုံးပတ်၌ ကန်တော့ကြမည်ဖြစ်ရာ အလှူငွေဖြစ်စေ၊ လှူဖွယ်ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရာ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်(၃၇)လမ်းထောင့် စာပေဗိမာန် ဒုတိယထပ် ရန်ကုန်မြို့ ဖုန်း-၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံက ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါရည်ရွယ်ချက်နှင့်မူများကိုအခိုင်အမာထောက်ခံ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးထိန်းသိမ်းရန် အဖွဲ့ဝင်နိုင်ငံများမြှင့်တင်စွမ်းဆောင်နိုင်မည်ယုံကြည် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရေး မြန်မာ့နိုင်ငံခြားရေးဝါဒအခြေခံအုတ်မြစ်ချမှတ်ခဲ့

ရန်ကုန် အောက်တိုဘာ ၂၄

**(၅၈)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)**

*စာမျက်နှာ ၁၀ ကော်လံ ၁* ▼





### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ဖားကန့်မြို့နယ် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၌ ကျပ်ငွေဖြင့်ကျောက်စိမ်းရောင်းချပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် နိုင်ငံသားကုမ္ပဏီများ အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် လုပ်ကွက်များမှထုတ်လုပ်ရရှိသည့် ကျောက်စိမ်းများအနက် ကျောက်စိမ်းအသားကျောက်ရိုင်းများကို နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ ဝင်ငွေအမြန်ရရှိပြီး အကျိုးတူလုပ်ငန်းရှင်များ လုပ်ငန်းသုံးငွေများလည်ပတ်စေရန်၊ နယ်မြေဒေသအတွင်း မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်စိမ်းရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်

***စာမျက်နှာ ၁၀ ကော်လံ ၅*** ●